# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၃၉)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ၏ အထက်လွှတ်တော်ဥက္ကဋ္ဌ (ယာယီနိုင်ငံတော်အကြီးအကဲ)နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်ပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မောင်စိုင်းသူထွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြား

## စာတတ် ပေတတ်၊ အတတ်ပညာရှင်အဖြစ်နဲ့သာ ကျေနပ်ရောင့်ရဲမနေကြဘဲ ဘဝအတွက် ပိုမိုပြည့်စုံရန်၊ ဗဟုသုတကြွယ်ဝရန်၊ အသိပညာပြည့်ဝရန်အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်ကိုလည်း စီမံဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၈

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနနှင့် Shanghai University Medical School မှ နှလုံးနှင့် သွေးကြောခွဲစိတ်ပါမောက္ခတို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ ပူးပေါင်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ Yida Hospital, Shanghai University Medical School မှ Dr. Feng Wan (Chairman and Professor, Department of Cardiovascular Surgery Center) ဦးဆောင်သော အဖွဲ့ဝင်ငါးဦးပါအဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနနှင့်ပူးပေါင်း၍ ဩဂုတ် ၂၄ ရက်မှ ၂၇ရက်အထိ နှလုံးသွေးကြောပိတ်လူနာခြောက်ဦးကို နှလုံးစက်အသုံးမပြုဘဲ နှလုံးသွေးကြောအစားထိုးဖြတ်ကျော်ဆက်သွယ်ခြင်း

*စာမျက်နှာ ၅ ကော်လံ ၁* ❐


**ယနေ့ ဖတ်စရာ**

IIMM ဆိုသည့် ယန္တရားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက် — ပြည်တွင်းသတင်း - ၅

အဖိုးမဖြတ်နိုင်တဲ့ အနုသုခုမတို့ဆုံစည်းရာ ဆို၊ က၊ ရေး၊ တီး ပွဲတော်ကြီး — ဆောင်းပါး - ၆

တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ် — ပြည်တွင်းသတင်း - ၇





❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြခန်းများအား စိတ်ပါဝင်စားစွာကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသော ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ်နှင့် ပညာရှင်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သရုပ်ဖော်ကပြဂုဏ်ပြုတင်ဆက်**

ဆက်လက်၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက “လူတိုင်းအတွက် ပညာရေး” တေးသီချင်းဖြင့် သရုပ်ဖော်ကပြဂုဏ်ပြုတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းကြောင်းအစသည် ၁၉၆၄ ခုနှစ်က မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာမှစတင်ခဲ့သည့် အရေး၊ အဖတ်၊ အတွက်ဆိုသည့် “အ” သုံးလုံးကျေလှုပ်ရှားမှုဖြစ်ကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုအဖြစ် လူထုအင်အားဖြင့် ဖော်ဆောင်ခဲ့ပြီး အောင်မြင်သည့် ပညာရေးကဏ္ဍသမိုင်းပြယုဂ်တစ်ခုဖြစ်ခဲ့ကြောင်း။

ထိုသို့ လူထုလှုပ်ရှားမှုအနေဖြင့် နိုင်ငံနှင့်အဝန်းအင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် ယူနက်စကို၏ **“မိုဟာမက်ရီဇာ ပါလာဗီဆု”** နှင့် ၁၉၈၃ ခုနှစ်မှာ **“နိုမာဆု”** တို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုကို လေးစားစွာ အသိအမှတ်ပြုခြင်းခံခဲ့ရခြင်းဖြစ်သဖြင့် မိမိတို့အားလုံး ဂုဏ်ယူရမည့်သမိုင်းမှတ်တိုင်များဖြစ်သကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆက်လုပ်ကြရန် တိုက်တွန်းနှိုးဆော်နေခြင်းဖြစ်သည်ဟု ခံယူသွားကြရမည်ဖြစ်ကြောင်း။

စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါအခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားလည်းဖြစ်ကြောင်း၊ လူသားတစ်ယောက်အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာများနှင့် ဘဝကို ရှင်သန်ဖြတ်သန်းနိုင်မည်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများ ဆက်လက်ဆည်းပူးပြီး မှန်ကန်သည့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်အနေဖြင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး လူတိုင်းစာတတ်မြောက်စေရန်အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရပြီး ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၃ ဒသမ ၉၃ သန်းတွင် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိပြီး စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၇ ဒသမ ၂၆ သန်းတွင် စာမတတ်သူ ၄ ဒသမ ၁ သန်းခန့်ရှိပြီး စာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၈၉ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရကြောင်း။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မဂျူးဂျူးခိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသူ ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူ ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**“စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါအခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားလည်းဖြစ်၊ လူသားတစ်ယောက်အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာများနှင့် ဘဝကို ရှင်သန်ဖြတ်သန်းနိုင်မည် ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများ ဆက်လက်ဆည်းပူးပြီး မှန်ကန်သည့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်မည်”**

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်၏ ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများတွင် ပြည်သူများ၏ စာတတ်မြောက်မှုနှုန်းနည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ ယခင်က တစ်နိုင်ငံလုံး စာမတတ်သူပပျောက်ရေးအတွက် “အ” သုံးလုံးသင်တန်းများ ဆောင်ရွက်ပြီး အောင်မြင်မှုများရရှိခဲ့သည့်အတွက် ယခုအခါတွင် ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသများရှိ ပြည်သူအားလုံး စာတတ်မြောက်ရေး ဆောင်ရွက်ပေးရန် လိုအပ်လာသည့်အတွက် အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရကြောင်း၊ ကျန်ရှိနေသေးသည့် စာမတတ်သူဦးရေကိုလည်း နှစ်အလိုက်ထိရောက်စွာလျှော့ချနိုင်ရန် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားကြရမည်ကို အသိပေးမှာကြားလိုကြောင်း။

ယခုနှစ်အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **“ကမ္ဘာမြေနှင့် လူသားများ သာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့” “Literacy for people, the planet, and prosperity”** ဖြစ်ကြောင်း၊ ထိုဆောင်ပုဒ်အရ လူသားတစ်ဦးချင်းစီ၏ စာတတ်မြောက်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်သာမက မိမိနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံး၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းဆောင်ပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသင်ပညာရေး (Formal Education) သာမက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပပညာရေး (Non–Formal Education) ဆိုသည့် တန်းညှိပညာရေးအစီအစဉ်များကိုပါ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ဟန်ချက်ညီညီ အကောင်အထည်ဖော်**

တန်းညှိပညာရေးအစီအစဉ်များ ဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာရေးကို ပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် (Non–Formal Primary Education–NFPE) နှင့် မူလတန်းအဆင့်ပြီးမြောက်သော်လည်း အလယ်တန်းပညာရေးကို ဆက်လက်မသင်ယူနိုင်ခဲ့သည့် ကလေးများနှင့် လူငယ်များအတွက် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ် (Non–Formal Middle Education– NFME) များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါအစီအစဉ်များသည် ကျောင်းပြင်ပရောက်ကလေးများအတွက် အဖိုးတန်သည့် **“ဒုတိယအခွင့်အရေး”** တစ်ခုဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။



**စိတ်ပါဝင်စားစွာ ကြည့်ရှု**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစွန်အဖျားများရှိ တိုင်းရင်းသားပြည်သူများ၏ အရေး၊ အဖတ်၊ အတွက် အချက်များကို တတ်မြောက်လာစေရန်အတွက်ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် အသင်းအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျေးလက်ဒေသအစွန်အဖျားနေ တိုင်းရင်းသားပြည်သူများ စာတတ်မြောက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အလေးအနက်ထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တစ်ဆက်တည်းတွင် စာတတ် ပေတတ်၊ အတတ်ပညာရှင်အဖြစ်နဲ့သာ ကျေနပ်ရောင့်ရဲမနေကြဘဲ ဘဝအတွက် ပိုမိုပြည့်စုံရန်၊ ဗဟုသုတကြွယ်ဝရန်၊ အသိပညာပြည့်ဝရန်အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်ကိုလည်း စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို အားပေးဆောင်ရွက်ပေးနေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ပညာဆိုသည်မှာ ရှာဖွေလေ့လာ၍ မကုန်နိုင်သည့်အတွက် မိမိတို့အားလုံးသည် စာတတ်သူတိုင်း စာဖတ်ကြရေးနှင့် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းအဖြစ် ရှင်သန်ရပ်တည်နိုင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမတတ်သူဦးရေပပျောက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယခု ၂၀၂၆ ခုနှစ်အတွင်းတွင် သိသာထင်ရှားသည့် အောင်မြင်မှုများကို ရရှိခဲ့ကြောင်း၊ အထူးသဖြင့် ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင်ရှိသည့် သတ်မှတ်မြို့နယ်များတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုရလဒ်များရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့အောင်မြင်ရခြင်းသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များက ကိုယ်တိုင်ကိုယ်ကျ အားတက်သရော ပါဝင်ပံ့ပိုးပေးသကဲ့သို့ ဒေသခံပြည်သူလူထုကိုယ်တိုင်ကလည်း စာတတ်မြောက်ရေးသည် ဘဝတိုးတက်ရေးအတွက် အရေးကြီးသည်ဆိုသည်ကိုသိမြင်ပြီး စိတ်ဝင်စားတက်ကြွစွာ ပါဝင်လာကြခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် အခြေခံပညာ ဆရာ၊ ဆရာမများက မိမိတို့၏ပုံမှန်တာဝန်များအပြင် ဒေသခံများ စာတတ်မြောက်ရန်အတွက် ကိုယ်ပိုင်အချိန်များထဲမှ စေတနာအပြည့်ဖြင့် ကူညီပံ့ပိုးပေးခဲ့မှုများကြောင့် ဖြစ်သည်ကို ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပြောကြားလိုကြောင်း။

**လက်တွဲညီညီဖြင့် ပါဝင်ဆောင်ရွက်ပေး**

စာတတ်မြောက်ခြင်းသည် အသိပညာဗဟုသုတများ တိုးပွားစေရုံတင်မကဘဲ တစ်ဦးချင်းစီ၏ လူနေမှုဘဝကိုပါ မြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **“လူတိုင်းအတွက် ပညာရေး”** ဆိုသည့်အတိုင်း ကျေးလက်ဒေသနှင့် အစွန်အဖျားဒေသများပါမကျန် ပြည်သူအားလုံးစာတတ်မြောက်ရန် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို အင်တိုက်အားတိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိအောင် ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာရှင်များနှင့် မိဘပြည်သူအားလုံးက လက်တွဲညီညီဖြင့် ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်မြောက်ခြင်းမှတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းထားသော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အတူတကွချီတက်ကြပါစို့ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်ပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ) မှ မောင်စိုင်းသူထွေး၊ ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မဂျူးဂျူးခိုင်၊ တတိယဆုရရှိသည့် မြိတ်တက္ကသိုလ် တတိယနှစ်(ဂုဏ်ထူးတန်း) ဓာတုဗေဒမှ မောင်ဇော်လှိုင်မျိုးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညိုစောက ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုဖျော်ဖြေတင်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍများအလိုက် ကြိုးပမ်းဆောင်ရွက်နေမှုများ မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ ယင်းနောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူလူငယ်မောင်မယ်လေးများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူလူငယ်မောင်မယ်လေးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲတွင် ဒုတိယဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။




ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

# IIMM ဆိုသည့် ယန္တရားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ရပ်တည်ချက်

ဂျီနီဗာမြို့တွင် ၇-၉-၂၀၂၆ ရက်မှ ၉-၁၀-၂၀၂၆ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၆၃) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ဆိုသည့်အဖွဲ့၏ အစီရင်ခံစာတို့အပေါ် ပေါင်းစပ်အပြန်အလှန်ဆွေးနွေးမှုကို စက်တင်ဘာလ ၇ ရက်တွင် ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် IIMM ဆိုသည့် ယန္တရားကို စတင်ထူထောင်သည့် အချိန်ကတည်းက ယနေ့အထိ အသိအမှတ်ပြုခြင်းမရှိပါ။ အဆိုပါ ယန္တရားကိုယ်တိုင်သည်ပင်လည်း ဥပဒေကြောင်း ရှုထောင့် (legal grounds) အရ အားနည်းချက်များစွာရှိပြီး နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသည့် (politically motivated) ရည်ရွယ်ချက်ဖြင့် ထူထောင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

IIMM သည် ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဆိုသည့်အဖွဲ့မှ အစပြုခဲ့ခြင်းဖြစ်သည်။ FFM ဆိုသည်မှာ မြန်မာနိုင်ငံ၏ သဘောတူညီချက် (country consent) မပါဘဲ OHCHR က တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြင့် ထူထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ ယင်းနောက် FFM ၏ တွေ့ရှိချက်များအပေါ်မူတည်ပြီး သက်သေအထောက်အထားများကို ထိန်းသိမ်းထားနိုင်မည့် ပိုမိုခိုင်မာသောယန္တရား လိုအပ်သည်ဟု အကြောင်းပြုလျက် (၃၉) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ အရ ၂၀၁၈ ခုနှစ်တွင် IIMM ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအထွေထွေညီလာခံ (General Assembly) ၏ ဆုံးဖြတ်ချက်အမှတ် A/RES/60/251 ဖြင့် တည်ထောင်ခဲ့သည့် ကုလသမဂ္ဂ၏လက်အောက်ခံအဖွဲ့အစည်း (subsidiary organ) ဖြစ်သည်။ အဆိုပါလူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်မှာ သတ်မှတ်ကာလအတွင်း ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို စုစည်းဖော်ပြထားသည့် အစီရင်ခံစာနှင့် လူ့အခွင့်အရေးနယ်ပယ်ရှိ အပြည်ပြည်ဆိုင်ရာဥပဒေများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို အထွေထွေညီလာခံသို့ တင်ပြရန်သာဖြစ်သည်။ ၎င်းအား နိုင်ငံတစ်နိုင်ငံအပေါ် ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာ (သို့မဟုတ်) စုံစမ်းစစ်ဆေးရေးယန္တရားတစ်ရပ်ရပ်ကို ဖွဲ့စည်းရန် တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းထားခြင်းမရှိပါ။ ထို့ကြောင့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ ၏ IIMM တည်ထောင်ရန် ဆုံးဖြတ်ချက်သည် UN Charter ကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီထူထောင်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် A/RES/60/ 251 ကိုလည်းကောင်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

IIMM သည် နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားပြီး တစ်ဖက်သတ်ဆန်သော နိုင်ငံရေးအရ သွတ်သွင်းဆောင်ရွက်သည့် လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အဆိုများ၏ နောက်ဆက်တွဲ ရလဒ်တစ်ရပ်သာ ဖြစ်သည်။ IIMM အနေဖြင့် နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) ဒေသအုပ်စုတစ်စု၏ နိုင်ငံရေးအရ အသုံးချခံလက်ကိုင်တုတ်တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း IIMM ယန္တရား၏ သက်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းသော ပြဋ္ဌာန်းချက်မပါရှိခြင်းနှင့် လုပ်ငန်းတာဝန်နှင့် လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များ (Term of Reference– TOR) တွင် IIMM အနေဖြင့် ကုလသမဂ္ဂ၏ အရင်းအမြစ်များနှင့် အလှူရှင်နိုင်ငံများထံမှ ရန်ပုံငွေများကို ၎င်း၏ဆုံးဖြတ်ချက်ဖြင့် လက်ခံရယူနိုင်သည်ဟု ဖော်ပြထားခြင်းတို့သည် ဘတ်ဂျက်အလွဲသုံးမှုကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ကင်းမဲ့လျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့အပြင် IIMM ဆိုသည့် ယန္တရား၏ နှစ်စဉ်အစီရင်ခံစာဖြစ်သည့် A/HRC/63/19 သည် ယခင်နှစ်များနည်းတူ မြန်မာ့တပ်မတော်အပေါ် တစ်ဖက်သတ် စွပ်စွဲချက်များ၊ အတည်မပြုနိုင်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှရရှိသည့် သတင်းများနှင့် ကိန်းဂဏန်းဖောင်းပွမှုများအပေါ် အခြေခံရေးသားထားကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ ယခုကဲ့သို့ လွဲမှားစွာဖော်ပြချက်များသည် အကြမ်းဖက်မှုကို အားပေးကူညီခြင်း၊ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်ပွားစေခြင်းတို့အပြင် နိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်စေနိုင်သည်။

၎င်းတို့စွပ်စွဲထားသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးများသည် လက်နက်ကိုင်သောင်းကျန်းသူများက မြို့၊ ရွာများကို အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်မှုများကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အသက်အိုးအိမ် ကာကွယ်ရေးတို့အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–RoE) နှင့်အညီ စစ်ရေးပစ်မှတ်များကိုသာ ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေး အထူးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် IIMM ဆိုသည့် အဖွဲ့၏လုပ်ပိုင်ခွင့်အာဏာနှင့် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည့် ၎င်း၏ အဋ္ဌမအကြိမ် နှစ်ပတ်လည်အစီရင်ခံစာအပါအဝင် ထုတ်ပြန်မှု/ ဖော်ပြချက်အားလုံးအပေါ် ပြင်းထန်စွာကန့်ကွက်ပယ်ချကြောင်း ထပ်လောင်းအတည်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်**

---

❒ ရှေ့ဖုံးမှ

(Off–Pump Coronary Artery Bypass Surgery) ဖြင့် ခွဲစိတ်ကုသပေးခဲ့ရာ ၎င်းလူနာများအား မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနတွင် လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပါမောက္ခ Dr. Feng Wan သည် ၂၀၀၈ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံရှိ ပြည်သူ့ဆေးရုံကြီးများ၌ နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနနှင့် ပူးပေါင်း၍ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၇ ခုနှစ်တွင်လည်း မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ပြီး နှလုံးခွဲစိတ်ကုသမှုများနှင့် နှလုံးနှင့် သွေးကြောခွဲစိတ်ပညာ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနအနေဖြင့် မွေးရာပါနှလုံးရောဂါများ၊ နှလုံးအဆို့ရှင်ဆိုင်ရာရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါနှင့် နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသမှုများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း အကြီးစားခွဲစိတ်ကုသမှု ၁၅ ခုနှင့် ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အကြီးစားခွဲစိတ်ကုသမှု ၄၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ထားဝယ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၈**

ထားဝယ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ



ယခုနှစ် အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၉ ဦးနှင့် ပိုစတာပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၂ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ မုန့်နှင့် ဆေးရောင်ခြယ်ပန်းချီစာရွက်များကို တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးပြီး ဆုရရှိသူများအား စက်တင်ဘာ ၁၆ ရက်တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

---


**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

---

## စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၈**


ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊



ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



# အဖိုးမဖြတ်နိုင်တဲ့ အနုသုခုမတို့ဆုံစည်းရာ ဆို၊ က၊ ရေး၊ တီး ပွဲတော်ကြီး

ခင်ရတနာ

နိုင်ငံတစ်နိုင်ငံရဲ့ အင်အားလို့ဆိုလိုက်ရင် စီးပွားရေးအင်အား၊ စစ်ရေးအင်အား၊ နည်းပညာအင်အားတွေကို အရင်ဆုံး ပြေးမြင်မိတတ်ကြပါတယ်။ ဒီအင်အားတွေက နိုင်ငံတစ်နိုင်ငံရဲ့ တည်ရှိမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသလို မျက်စိနဲ့မြင်နိုင်၊ ကိန်းဂဏန်းတွေနဲ့ တိုင်းတာနိုင်တဲ့ အင်အားတွေလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပုံရိပ်နဲ့တန်ဖိုးကို တည်ဆောက်ပေးနေတဲ့ အင်အားတွေထဲမှာ ကိန်းဂဏန်းနဲ့ တိုင်းတာဖို့ ခက်ခဲတဲ့ အင်အားတစ်ခုလည်း ရှိပါတယ်။ အဲဒါကတော့ အမျိုးသားယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဘာသာစကား၊ သမိုင်းအမွေအနှစ်၊ ရိုးရာဓလေ့၊ အနုပညာ၊ အစားအစာ၊ ဝတ်စားဆင်ယင်မှု၊ လူမှုဘဝနဲ့ တန်ဖိုးထားမှုတွေဟာ အဲဒီနိုင်ငံရဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာကို ဖော်ဆောင်ပေးနေတဲ့ အစိတ်အပိုင်းတွေပါ။ ကိုယ်ပိုင်ဝိသေသလက္ခဏာ ခိုင်မာတဲ့ နိုင်ငံတစ်နိုင်ငံဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်သူလဲဆိုတာ သိရုံတင်မကဘဲ အခြားသူတွေကလည်း အဲဒီနိုင်ငံကို ထူးခြားတဲ့ပုံရိပ်တစ်ခုနဲ့ မှတ်မိလာစေနိုင်ပါတယ်။

အဲဒီနေရာမှာ Soft Power ဆိုတဲ့ အယူအဆကလည်း ဆက်စပ်လာပါတယ်။ Soft Power ဆိုတာ အင်အားသုံးခြင်း၊ ဖိအားပေးခြင်းမဟုတ်ဘဲ ယဉ်ကျေးမှု၊ တန်ဖိုးထားမှု၊ မူဝါဒနဲ့ ဆွဲဆောင်မှုတွေကနေတစ်ဆင့် အခြားသူတွေအပေါ် ဩဇာသက်ရောက်စေနိုင်တဲ့ အင်အားမျိုးဖြစ်ပါတယ်။ ဒီအယူအဆကို နိုင်ငံရေးသိပ္ပံပညာရှင် Joseph Nye က ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ ရိုးရာအနုပညာဟာ ဖျော်ဖြေရေးအတွက်သာ ရှိနေတဲ့အရာ မဟုတ်ပါဘူး။ ကိုယ့်လူမျိုးက ဘယ်လိုတွေးတယ်၊ ဘယ်လိုခံစားတယ်၊ ဘယ်လိုနေထိုင်တယ်ဆိုတာကို အခြားသူတွေ သိမြင်လာစေနိုင်တဲ့ ယဉ်ကျေးမှုဘာသာစကားတစ်ခုလည်း ဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံလို့ ပြောလိုက်ရင် K-pop၊ K-drama နဲ့ ကိုရီးယားအစားအစာတွေကို တွဲပြီးမြင်လာကြသလို ဂျပန်နိုင်ငံကို ပြောလိုက်ရင် Anime ကာတွန်းဇာတ်ကောင်တွေ၊ Manga၊ ရိုးရာအနုပညာနဲ့ အစားအစာတွေကို သီးခြားပုံရိပ်တွေအဖြစ် မြင်လာကြပါတယ်။ တရုတ်နိုင်ငံမှာလည်း သူတို့ရဲ့ ရိုးရာအစားအစာ၊ တရုတ်ဂီတ၊ ရုပ်ရှင်နဲ့ ယဉ်ကျေးမှုအနုပညာတွေကို နိုင်ငံရဲ့ပုံရိပ်နဲ့ တွဲဖက်ဖော်ဆောင်လာကြပါတယ်။

**မြန်မာနိုင်ငံမှာလည်း အဲဒီလို ကိုယ်ပိုင်ဝိသေသလက္ခဏာတွေ ရှိပြီးသားပါ။ မြန်မာ့သနပ်ခါး၊ မြန်မာ့သင်္ကြန်၊ တောင်ကြီးတန်ဆောင်တိုင်၊ မြန်မာ့ရိုးရာဝတ်စုံ၊ မြန်မာ့ရိုးရာအစားအစာတွေအပြင် ပိုမိုနက်ရှိုင်းတဲ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အဆို၊ အက၊ အရေး၊ အတီး အပါအဝင် ပန်းဆယ်မျိုးကဲ့သို့သော အနုသုခုမပညာရပ်တွေ ရှိပါတယ်။**

ဒီအနုပညာလေးမျိုးဟာ စင်မြင့်ပေါ်မှာ ဖျော်ဖြေတဲ့ အနုပညာလေးမျိုးဆိုတာထက် ပိုပါတယ်။ အဆိုမှာ အသံရှိတယ်။ အကမှာ ဟန်ရှိတယ်။ အရေးမှာ စကားရှိတယ်။ အတီးမှာ သံစဉ်ရှိတယ်။ အဲဒီအသံ၊ ဟန်၊ စကားနဲ့ သံစဉ်တွေ ပေါင်းစပ်လိုက်တဲ့အခါ မြန်မာ့ယဉ်ကျေးမှုရဲ့ ကိုယ်ပိုင်အသံတစ်သံ ထွက်ပေါ်လာပါတယ်။ အဲဒီအသံကို မပျောက်အောင် လက်ဆင့်ကမ်းပေးနေတဲ့ နေရာတွေထဲမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက အရေးပါတဲ့နေရာကနေ ရပ်တည်နေပါတယ်။

**အသံထဲမှာ မြန်မာ့သမိုင်းကို ကြားရတဲ့အခါ**

အဆိုပညာကို လေ့လာကြည့်ရင် မြန်မာ့ဂီတရဲ့ ကိုယ်ပိုင်ဟန်ကို ထင်ထင်ရှားရှား တွေ့ရပါတယ်။ သီချင်းကြီး၊ သီချင်းခန့်တွေမှာ စာသားနဲ့ သံစဉ်တင်မကဘဲ အသံအနိမ့်အမြင့်၊ အကူးအပြောင်း၊ ဆိုဟန်နဲ့ စကားလုံးအဖွဲ့အနွဲ့တွေကို အချိုးကျကျ ပေါင်းစပ်ထားပါတယ်။ ဒါကြောင့် သီချင်းတစ်ပုဒ်ကို နားထောင်ရုံနဲ့ ခေတ်တစ်ခေတ်ရဲ့ အရသာ၊ လူမှုဘဝနဲ့ အတွေးအခေါ်တွေကိုပါ ခံစားနိုင်ပါတယ်။

(၂၆) ကြိမ်မြောက်ပြိုင်ပွဲမှာ မဟာဂီတ အဆိုပြိုင်ပွဲအတွက် “သာဆန်းရဂုံဘွေ” (ပတ်ပျိုး)၊ “ဇမ္ဗူရောင်ကွန့်” (ဘွဲ့) စတဲ့ သီချင်းတွေကို အသက်အရွယ်အလိုက် ပြိုင်ပွဲဝင်တွေက သီဆိုယှဉ်ပြိုင်ခဲ့ကြပါတယ်။ အခြေခံပညာ အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲမှာ “မဟာဇနက” (ခေတ်ဟောင်းကာလပေါ်) ကို သီဆိုခဲ့ကြပြီး အဆင့်မြင့်ပညာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွေမှာ “မြန်မြေနယ်ဇမ္ဗူပါ (မြင်းခင်း)”ကို ယှဉ်ပြိုင်သီဆိုခဲ့ကြပါတယ်။

ဒါတွေဟာ သီချင်းဟောင်းတွေကို ပြန်ဆိုနေခြင်းသက်သက် မဟုတ်ပါဘူး။ သီချင်းတစ်ပုဒ်ကို မျိုးဆက်သစ်တစ်ယောက်က ပြန်သီဆိုတဲ့အခါ အဲဒီသီချင်းနဲ့အတူ ပါလာတဲ့ ဂီတဟန်၊ စကားလုံး၊ အသံအနိမ့်အမြင့်နဲ့ ယဉ်ကျေးမှုအရသာကိုပါ အတီး၊ သီဆိုမှုတို့ကို ဆို၊ ငို၊ ပြော ပေါင်းစပ်ပြီး ဇာတ်လမ်းတစ်ခုလုံးကို အသက်သွင်းရတာပါ။ မဟာဇနကဇာတ်တော်ကြီးနဲ့ ပတ်သက်ပြီး ဇာတ်သရုပ်ဆောင်၊ နှစ်ပါးသွား၊ ဇာတ်ညွှန်း၊ ဒါရိုက်တာနဲ့ ပွဲပိုးဆိုင်းအဖွဲ့ ထူးချွန်ဆုတွေပါ ခွဲခြားချီးမြှင့်ခဲ့တာကို တွေ့ရပါတယ်။

ရုပ်သေးကတော့ မြန်မာ့အနုပညာမှာ နိုင်ငံတကာအထိ ထင်ရှားစေနိုင်တဲ့ အမွေအနှစ်တစ်ရပ်ပါ။ ကြိုးဆွဲရုပ်သေးမှာ ရုပ်သေးရုပ်ရဲ့ လှုပ်ရှားမှု၊ ဇာတ်လမ်း၊ အသံ၊ တီးဝိုင်းနဲ့ ဇာတ်သဘင်ဟန်တွေ ပေါင်းစပ်ပြီး ရုပ်သေးနဲ့ ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုတွေက မြန်မာ့ဇာတ်သဘင်နဲ့ ရုပ်သေးသဘင်ရဲ့ တန်ဖိုးကို ထင်ဟပ်စေတဲ့ အနုပညာတွေပဲ ဖြစ်ပါတယ်။

အရေးပညာကတော့ စာပေနဲ့ ဘာသာစကားနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ မြန်မာစာပေထဲမှာ ခေတ်အဆက်ဆက် ရေးသားခဲ့ကြတဲ့ ကဗျာ၊ စာ၊ ဆောင်းပါးနဲ့ စာပေလက်ရာတွေကနေ အဲဒီခေတ်ရဲ့ လူမှုဘဝ၊ အတွေးအခေါ်နဲ့ တန်ဖိုးထားမှုတွေကို သိနိုင်ပါတယ်။ ဒါကြောင့် အရေးအနုပညာကို ထိန်းသိမ်းတယ်ဆိုတာ စာရေးတတ်ဖို့ အတွက်သာ မဟုတ်ဘဲ ကိုယ့်ဘာသာစကားနဲ့ ကိုယ့်စာပေ

> **“ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပရခြင်းဟာ ဆုရရှိတဲ့ အနုပညာရှင်တွေ ပေါ်ထွက်လာဖို့သက်သက်မဟုတ်ပါဘူး။ မြို့နယ်အဆင့်ကနေ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်အထိ အဆင့်ဆင့် ရွေးချယ်ယှဉ်ပြိုင်ရတဲ့အတွက် ရိုးရာယဉ်ကျေးမှုအနုပညာကို စိတ်ဝင်စားတဲ့ လူငယ်တစ်ယောက်ဟာ ပထမဆုံးအကြိမ် စင်မြင့်ပေါ် တက်ရောက်ယှဉ်ပြိုင်တဲ့အချိန်ကနေ အတွေ့အကြုံတွေ ရရှိလာနိုင်ပါတယ်။ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက်ပြိုင်ပွဲမှာ ဗဟိုအဆင့်အထိ ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ခဲ့တယ်ဆိုတာလည်း ဒီစင်မြင့်ရဲ့ အကျယ်အဝန်းကို ပြသနေပါတယ် ”**

သူ့ရင်ထဲ ရောက်သွားပါတယ်။ ဒီလိုနဲ့ အဆိုပညာဟာ အသံကနေ မျိုးဆက်တစ်ဆက်ကို နောက်တစ်ဆက်နဲ့ ချိတ်ပေးနေတဲ့ ကြိုးတစ်ချောင်း ဖြစ်လာပါတယ်။

**ကိုယ်ဟန်နဲ့ ပြောတဲ့ မြန်မာ့စကား**

အကပညာကတော့ စကားလုံးမသုံးဘဲ ကိုယ်ဟန်အမူအရာနဲ့ အကြောင်းအရာကို ဖော်ပြနိုင်တဲ့ အနုပညာပါ။ လက်ဟန်၊ ခြေဟန်၊ ကိုယ်ဟန်၊ မျက်နှာအမူအရာနဲ့ သံစဉ်တွေပေါင်းစပ်ပြီး ဇာတ်အကြောင်းအရာနဲ့ ခံစားချက်ကို ဖော်ပြရပါတယ်။ မြန်မာ့ရိုးရာအကမှာ နူးညံ့သိမ်မွေ့တဲ့ ဟန်ပန်တွေရှိသလို ဒေသနဲ့ လူမှုဘဝအလိုက် ထူးခြားတဲ့ အကပုံစံတွေလည်း ရှိပါတယ်။

ကဗျာလွတ်အကဆိုရင် သတ်မှတ်ထားတဲ့ ကကွက်၊ လက်ဟန်၊ ခြေဟန်၊ ခါးဟန်၊ မျက်နှာအမူအရာတို့ကို ပိုင်နိုင်စွာ ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ အဲဒီအချက်တွေက အကကို လှပအောင်လုပ်ပေးရုံမက မြန်မာ့ရိုးရာအကရဲ့ စည်းကမ်းနဲ့ ဟန်ပန်ကို ထိန်းသိမ်းပေးထားတာပါ။ ယခင်ပြိုင်ပွဲမှတ်တမ်းတွေမှာလည်း ကဗျာလွတ်အကအတွက် သတ်မှတ်ကကွက်နဲ့ ဟန်ပန်တွေကို မှန်ကန်စွာ ဖော်ပြနိုင်ရေးကို အကဲဖြတ်သူတွေက အလေးထားကြတာကို တွေ့ရပါတယ်။

ဇာတ်တော်ကြီးကတော့ အကတစ်မျိုးတည်းနဲ့ မပြီးပါဘူး။ သရုပ်ဆောင်မှု၊ ဇာတ်ညွှန်း၊ အက၊ အတီး၊ သီဆိုမှုတို့ကို ဆို၊ ငို၊ ပြော ...

အမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းတာလည်း ဖြစ်ပါတယ်။

**သံစဉ်တစ်ခုနဲ့ အနုပညာလောကတစ်ခုလုံးကို ထောက်ပံ့ပေးခြင်း**

အဆိုရှိရင် အတီးရှိရပါတယ်။ အကရှိရင်လည်း အတီးရှိရပါတယ်။ သီချင်းရဲ့ သံစဉ်နောက်ကွယ်မှာ တီးဝိုင်းရဲ့ အခန်းကဏ္ဍက မရှိမဖြစ်ပါ။ မြန်မာ့ရိုးရာတူရိယာတွေထဲမှာ ဆိုင်းဝိုင်း၊ ပတ္တလား၊ စောင်း၊ နဲ့ စတဲ့တူရိယာတွေဟာ မြန်မာ့ဂီတရဲ့ ကိုယ်ပိုင်အသံကို ဖော်ဆောင်ပေးနေပါတယ်။

အတီးပညာမှာ တူရိယာတစ်ခုချင်းစီကို တီးတတ်ရုံနဲ့ မပြီးပါဘူး။ အသံအတိုးအကျယ်၊ အချိန်အခါ၊ သံစဉ်နဲ့ အခြားတူရိယာတွေအကြား လိုက်ဖက်ညီအောင် တီးခတ်နိုင်ဖို့ လေ့ကျင့်မှုနဲ့ အတွေ့အကြုံလိုပါတယ်။ ဆိုင်းဝိုင်းကြီးတစ်ခုရဲ့ အသံကိုကြားတဲ့အခါ အဲဒီအသံနောက်ကွယ်မှာ နှစ်ပေါင်းများစွာ လေ့ကျင့်သင်ယူလာခဲ့တဲ့ ဆရာအဆက်ဆက်၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာခဲ့တဲ့ ပညာရပ်တွေ ရှိနေပါတယ်။

**ဆုရဖို့သက်သက်သာမက မျိုးဆက်သစ်များ ပျိုးထောင်ခြင်း**

**ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပရခြင်းဟာ ဆုရရှိတဲ့ အနုပညာရှင်တွေ ပေါ်ထွက်လာဖို့သက်သက် မဟုတ်ပါဘူး။ မြို့နယ်အဆင့်ကနေ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်အထိ အဆင့်ဆင့် ရွေးချယ်ယှဉ်ပြိုင်ရတဲ့အတွက် ရိုးရာယဉ်ကျေးမှုအနုပညာကို စိတ်ဝင်စားတဲ့ လူငယ်တစ်ယောက်ဟာ ပထမဆုံးအကြိမ် စင်မြင့်ပေါ် တက်ရောက်ယှဉ်ပြိုင်တဲ့အချိန်ကနေ အတွေ့အကြုံတွေ ရရှိလာနိုင်ပါတယ်။ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက်ပြိုင်ပွဲမှာ ဗဟိုအဆင့်အထိ ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ခဲ့တယ်ဆိုတာလည်း ဒီစင်မြင့်ရဲ့ အကျယ်အဝန်းကို ပြသနေပါတယ်။**

မျိုးဆက်သစ်လူငယ်တွေဟာ အဆိုပညာ၊ အတီးအမှုတ်တူရိယာပညာ၊ မြန်မာ့ရိုးရာအကပညာနဲ့ သီချင်းရေးသားခြင်းတွေကို ယှဉ်ပြိုင်ခွင့်ရရှိပြီး ဆုမရစေကာမူ သူတို့အတွက် ကိုယ့်နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အနုပညာကို ထိတွေ့ခံစားပါဝင်ဖူးတဲ့ အတွေ့အကြုံကောင်းတွေကို မလွဲမသွေ ပိုင်ဆိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

နောင်တစ်ချိန်မှာ အဲဒီလူငယ်တွေထဲက အဆိုတော်တွေ ပေါ်လာနိုင်ပါတယ်။ အကပညာရှင်တွေ ဖြစ်လာနိုင်ပါတယ်။ စာရေးဆရာတွေ ဖြစ်လာနိုင်ပါတယ်။ တူရိယာပညာရှင်တွေ ဖြစ်လာနိုင်ပါတယ်။ တချို့က တေးရေးဆရာတွေ၊ ကျွမ်းကျင်အနုပညာရှင်တွေဖြစ်ပြီး နောက်မျိုးဆက်ကို ပြန်လည်သင်ကြားပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**အကဲဖြတ်ပညာရှင်တွေရဲ့ အခန်းကဏ္ဍကလည်း အရေးကြီး**

ပြိုင်ပွဲတစ်ခုရဲ့ အရည်အသွေးကို ပြိုင်ပွဲဝင်တွေနဲ့ပဲ ဆုံးဖြတ်လို့မရပါဘူး။ နောက်ကွယ်မှာ ပညာရပ်ကို နားလည်တဲ့ အကဲဖြတ်ပညာရှင်တွေ ရှိနေပါတယ်။ (၂၆) ကြိမ်မြောက် ဗဟိုအဆင့်ပြိုင်ပွဲမှာ အကဲဖြတ်ပညာရှင် ၁၀၇ ဦး ပါဝင်ခဲ့ပါတယ်။ ပြိုင်ပွဲကျင်းပရေးနဲ့ ပတ်သက်ပြီး အကဲဖြတ်ပညာရှင်တွေက စည်းမျဉ်းစည်းကမ်းနဲ့အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ရေး၊ ဘက်လိုက်မှုကင်းရှင်းစွာနဲ့ မျိုးဆက်သစ်လူငယ်တွေကို ဖော်ထုတ်ပေးရေးဟာလည်း အလွန်အရေးကြီးပါတယ်။

ကဗျာလွတ်အကမှာ လက်ဘယ်လိုထားသလဲ၊ ခြေဘယ်လိုရွှေ့သလဲ၊ ခါးချိုးတဲ့အခါ ကိုယ်ဟန်ဘယ်လိုရှိသလဲဆိုတာကအစ အနုပညာစည်းကမ်းတွေ ရှိပါတယ်။ အဆိုမှာ အသံ၊ သံစဉ်နဲ့ ဆိုဟန်ရှိပါတယ်။ အရေးမှာ အကြောင်းအရာနဲ့ ဘာသာစကားအပြင် ရေးသားပုံ၊ အတွေးအခေါ်ရှိပါတယ်။ အတီးမှာလည်း သံစဉ်၊ တီးချက်နဲ့ တူရိယာ ပိုင်နိုင်မှုတွေ ရှိပါတယ်။ ဒါကြောင့် ဒိုင်တွေရဲ့ အကဲဖြတ်မှုဟာ ပြိုင်ပွဲဝင်တစ်ဦးကို ဆုတစ်ခုပေးလိုက်ခြင်းထက် ဘယ်လိုအနုပညာပုံစံကို နောင်မျိုးဆက်ဆီ ဆက်ပို့မလဲဆိုတာကိုပါ ဆုံးဖြတ်ပေးနေခြင်း ဖြစ်တာကြောင့် ပညာရှင်တွေရဲ့ အခန်းကဏ္ဍက အရေးကြီးတာကို ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးမှာ မြင်တွေ့ရပါတယ်။

**ခေတ်မီဆန်းသစ်မှုနဲ့ ရိုးရာမပျက်စေတဲ့ ယဉ်ကျေးမှုကို မျှတစွာ ဖော်ထုတ်ကြရန်လို**

ယနေ့ခေတ်လူငယ်တွေဟာ နိုင်ငံခြားဂီတ၊ ရုပ်ရှင်၊ ဖက်ရှင်နဲ့ ဖျော်ဖြေရေးပုံစံတွေကို ဖုန်းတစ်လုံးနဲ့ အလွယ်တကူ ထိတွေ့နိုင်ကြပါတယ်။ ဒါပေမဲ့ ခေတ်မီလာတာနဲ့ ရိုးရာအနုပညာကို စွန့်ပစ်ရတာမျိုး မဟုတ်ပါဘူး။ တစ်ဖက်မှာ K-pop နားထောင်ရင်း တစ်ဖက်မှာ မြန်မာ့မဟာဂီတကို လေ့လာနိုင်ပါတယ်။ နိုင်ငံခြားရုပ်ရှင်တွေ ကြည့်ရင်း မြန်မာ့ဇာတ်တော်ကြီးကိုလည်း သိနိုင်ပါတယ်။

*စာမျက်နှာ ၇ သို့*



# တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ်

**တီးတိန် စက်တင်ဘာ ၈**

ချင်းပြည်နယ်သည် တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ပြည်နယ်အတွင်း စီးပွားရေးလုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် နိုင်ငံတော်က ထုတ်ချေးသောချေးငွေများ ရယူဆောင်ရွက်လိုပါက သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ချေးယူ ဆောင်ရွက်နိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယမန်နေ့နံနက်ပိုင်းတွင် တွန်းဇံမြို့ ရှိမန်ကက်သလစ်ဘုရားကျောင်း ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့တွင် နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိပြီး တစ်စိတ်တစ်ပိုင်း ပျက်စီးသည့်နေအိမ်များနှင့် လုံးဝပျက်စီးသွားသည့်နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယနေ့တွင်လည်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးသွားသည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးနှင့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များကို ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ဌာနအလိုက် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးပြီး ဒေသခံပြည်သူများက တင်ပြသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တွန်းဇံမြို့ရှိ ရုံးဌာနအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ် ထီအုံကျေးရွာ၌ ကျေးရွာအဝင်လမ်း နှစ်ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ထီအုံကျေးရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာအဝင်လမ်း နှစ်ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကံကြီးရပ်ကွက်သို့သွားရောက်ပြီး ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ ဖွင့်လှစ်လျက်ရှိသည့် အခြေခံနှင့် မွမ်းမံစက်ချုပ်သင်တန်း တက်ရောက်နေကြသော သင်တန်းသူ ၁၅ ဦးကို တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းသူများချုပ်ထားသော အဝတ်အထည်များကိုကြည့်ရှုရာ တောင်ကြီးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ၊ ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ စားရိပ်သာ၊ စာသင်ဆောင်၊ ကွန်ပျူတာခန်းနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ တောင်ကြီးမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ လက်ရက်ကန်း ခြောက်လသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ စက်ရက်ကန်းသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း တက်ရောက်နေကြသော သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ရက်ကန်းထည်အရောင်းပြခန်း၊ သင်တန်းခန်းမနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ကလောမြို့နယ်၊ ဘော်နင်းရွာသစ်စံပြကျေးရွာသို့သွားရောက်၍ စော်ဘွားခန်းမတွင် ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၆ မှ*

နည်းပညာအသစ်တွေသုံးရင်း ကိုယ့်နိုင်ငံရဲ့ ရိုးရာတူရိယာအသံကို လူငယ်တွေ နားထောင်လာအောင် ပြန်လည်ဖော်ဆောင်ဖို့ မြန်မာနိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ရိုးရာယဉ်ကျေးမှုဟာ အတိတ်ကအရာမဟုတ်ဘဲ မိမိတို့အားလုံးနဲ့ အနီးစပ်ဆုံးရှိသင့်တဲ့အရာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဂျစ်တယ်နည်းပညာ၊ လူမှုကွန်ရက်နဲ့ မီဒီယာတွေကို အသုံးချပြီး မြန်မာ့အနုပညာကို လူငယ်တွေနဲ့ ပိုမိုနီးစပ်အောင် ဖန်တီးပေးရပါမယ်။ ဒါမှသာ ယဉ်ကျေးမှုအနုပညာဟာ ပြတိုက်ထဲမှာပဲ ရှိနေတဲ့အရာမဟုတ်ဘဲ နေ့စဉ်ဘဝထဲမှာ ဆက်လက်ရှင်သန်နေတဲ့ အနုပညာဖြစ်လာမှာပါ။

နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုဟာ ကိုယ့်နိုင်ငံသားတွေအတွက် ဂုဏ်ယူစရာဖြစ်သလို နိုင်ငံတကာမှာလည်း အဲဒီနိုင်ငံကို သိမြင်စေနိုင်တဲ့ တံခါးတစ်ချပ်ဖြစ်ပါတယ်။ မြန်မာအကကို နိုင်ငံခြားသားတစ်ယောက်မြင်ပြီး “ဒါ မြန်မာ့ရိုးရာအကပါလား” လို့ သိလာတာ၊ မြန်မာ့ရိုးရာတူရိယာတစ်ခုရဲ့ အသံကို ကြားပြီး မြန်မာ့ဂီတဆိုတာ ဘယ်လိုဟန်ရှိတယ်ဆိုတာ စိတ်ဝင်စားလာတာ၊ မြန်မာ့ရိုးရာဇာတ်တော်ကြီး၊ ရုပ်သေး၊ သီချင်းနဲ့ စာပေတွေကို လေ့လာချင်လာတာတွေဟာ ယဉ်ကျေးမှုကနေ တစ်ဆင့် ပေါ်ပေါက်လာနိုင်တဲ့ ဆွဲဆောင်မှုတွေပါ။ အဲဒီယဉ်ကျေးမှုဆိုင်ရာ ဆွဲဆောင်မှုကို စနစ်တကျ ဖော်ထုတ်အသုံးချနိုင်ရင် Soft Power ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးဟာ ပြည်တွင်းမှာ လူငယ်တွေကို ပြိုင်ပွဲဝင်စေပြီး ဆုချီးမြှင့်တဲ့ ပွဲတစ်ခုအဖြစ်သာ မမြင်သင့်ပါဘူး။ မြန်မာ့ကိုယ်ပိုင်ဝိသေသလက္ခဏာကို ကိုယ်တိုင်ပြန်လည်သိရှိစေပြီး နိုင်ငံတကာအထိ ဖော်ဆောင်နိုင်မယ့် အခြေခံအင်အားကို စုစည်းပေးတဲ့ ယဉ်ကျေးမှုစင်မြင့်တစ်ခုအဖြစ်လည်း မြင်နိုင်ပါတယ်။

## (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီး နီးကပ်လာခဲ့ပြီ

ယခုနှစ်မှာတော့ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာနဲ့ နိုင်ငံတော်အဆင့် ကျင်းပဖို့ ပြင်ဆင်နေကြပါပြီ။ “ဒီနှစ် ဘယ်သူဆုရမလဲ” ဆိုတာထက် ဘယ်လိုမျိုးဆက်သစ်တွေ ထွက်ပေါ်လာမလဲ၊ ဘယ်လို မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို လူငယ်တွေ ပြန်လည်စိတ်ဝင်စားလာမလဲဆိုတာက ပိုပြီးစိတ်ဝင်စားစရာ ဖြစ်ပါတယ်။

ကဗျာလွတ်ကနေ ရုပ်သေးအထိ၊ တစ်ပင်တိုင်ကနေ ဇာတ်တော်ကြီးအထိ၊ မဟာဂီတကနေ ကာလပေါ်တေးအထိ၊ ပတ္တလား၊ စောင်း၊ နှဲ၊ ဆိုင်းဝိုင်း၊ ဒုံမင်းစတဲ့ တေးသွားဂီတသံတွေ ဘယ်လိုဆက်လက်ရှင်သန်မလဲဆိုတာ၊ မြန်မာ့စာပေနဲ့ အရေးပညာကို နည်းပညာခေတ်ထဲမှာ ဘယ်လိုဆက်အသက်သွင်းမလဲဆိုတာ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ကိုယ့်နိုင်ငံမှာသာမက နိုင်ငံတကာပရိသတ်တွေဆီ ဘယ်လိုရောက်အောင် ဖော်ဆောင်မလဲဆိုတာ လူငယ်တွေအထိ၊ ပြိုင်ပွဲဝင်တွေအထိ တွေးတောဆင်ခြင်ကြစေလိုပါတယ်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးမှာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ဗဟိုအဆင့်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ တစ်ဦးတစ်ယောက်ချင်းဟာ သီချင်းတစ်ပုဒ်အတွက် အချိန်နာရီများစွာ သီဆိုလေ့ကျင့်ကြရသလို၊ ကကွက်တစ်ခုချင်းစီကို စိတ်ရောကိုယ်ရောနှစ်ပြီး ထပ်ခါတလဲလဲ လေ့ကျင့်ကြသူများ၊ များစွာသောဗဟုသုတတွေကို ဖြည့်ဆည်းဖတ်ရှုပြီး တေးသီချင်းများစွာ ဖန်တီးရေးစပ်လေ့ကျင့်သူများ၊ တူရိယာအမျိုးမျိုးကို အခြေခံကနေစတင်ပြီး ကြိမ်ဖန်များစွာ တီးခတ်ပြင်ဆင်လေ့ကျင့်ခဲ့ရသူများ ဖြစ်တာကြောင့် သူတို့အားလုံးဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရဲ့ ဂုဏ်ယူဖွယ်ရာ အနာဂတ်အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။

ဒီကနေ့ စင်မြင့်ထက်က ပြိုင်ပွဲဝင် လူငယ်တစ်ယောက်က အနာဂတ်မှာ ကျွမ်းကျင်တဲ့ အနုပညာဆရာတစ်ဦး ဖြစ်လာနိုင်သလို ဒီကနေ့ ဆရာတွေထံမှာ ပညာဆည်းပူးနေသူ လူငယ်တစ်ယောက်ဟာ နောင်တစ်ချိန်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို နိုင်ငံတကာစင်မြင့်အထိ ယူဆောင်သွားနိုင်တာမို့ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာစင်မြင့်တစ်ခုပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးဟာ အဆိုပြိုင်ပွဲတစ်ခု၊ အကပြိုင်ပွဲတစ်ခု၊ အရေးပြိုင်ပွဲတစ်ခု၊ အတီးပြိုင်ပွဲတစ်ခုကို သီးခြားကျင်းပနေခြင်း မဟုတ်ပါဘူး။ မြန်မာ့ယဉ်ကျေးမှုရဲ့ အသံ၊ ဟန်၊ စကားနဲ့ သံစဉ်တွေ တစ်နေရာတည်းမှာ ပြန်လည်ဆုံစည်းတဲ့ ဆုံမှတ်ဖြစ်သလို တစ်နိုင်ငံလုံးက မျိုးဆက်သစ်တွေကို မြန်မာ့ယဉ်ကျေးမှုအနုပညာနဲ့ ပြန်လည်ချိတ်ဆက်ပေးနေပါတယ်။ တစ်ချိန်တည်းမှာပဲ မိမိတို့နိုင်ငံရဲ့ ကိုယ်ပိုင် ဝိသေသလက္ခဏာကို ကိုယ်တိုင်နားလည်လာစေပါတယ်။ အဲဒီလို နားလည်မှုကနေ ဂုဏ်ယူမှုဖြစ်လာပါတယ်။ ဂုဏ်ယူမှုကနေ ထိန်းသိမ်းလိုစိတ် ဖြစ်လာရင်တော့ မျိုးဆက်သစ်ကို လက်ဆင့်ကမ်းနိုင်မှာ ဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ ကိုယ့်ယဉ်ကျေးမှုကို ကိုယ့်နိုင်ငံအတွင်းသာမက ကမ္ဘာ့အလယ်မှာပါ သိမြင်လာအောင် ဖော်ဆောင်နိုင်တဲ့ အင်အားတစ်ခု ဖြစ်လာမယ်ဆိုတာ ဧကန်ဖြစ်ပါတယ်။

အဆိုရဲ့အသံ၊ အကရဲ့ဟန်၊ အရေးရဲ့စာသားနဲ့ အတီးရဲ့သံစဉ်တွေဟာ မြန်မာ့အနုပညာရဲ့ အစိတ်အပိုင်းလေးခုသာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလေးခုထဲမှာ ကိုယ့်နိုင်ငံရဲ့ အတိတ်သမိုင်း၊ ကိုယ့်တိုင်းရင်းသားလူမျိုးတွေအားလုံးရဲ့ အတွေးအခေါ်၊ ခံစားချက်နဲ့ ကိုယ်ပိုင်အသံတွေ ပါဝင်နေပါတယ်။ အဲဒီအသံတွေ မတိတ်သွားအောင်၊ အဲဒီဟန်တွေ မပျောက်သွားအောင်၊ အဲဒီစာတွေ မပြတ်သွားအောင်၊ အဲဒီသံစဉ်တွေ မရပ်တန့်သွားအောင် မျိုးဆက်တစ်ဆက်ကနေတစ်ဆက် ဆက်လက်သယ်ဆောင်ပေးနိုင်ခြင်းကပဲ မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ အနာဂတ်ကို ဆက်လက်ရှင်သန်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို ဂုဏ်ယူစွာ စောင့်မျှော်ကြိုဆိုရင်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို မျိုးဆက်တစ်ဆက်ကနေတစ်ဆက် မပျောက်မပျက် လက်ဆင့်ကမ်းပြီး ကိုယ့်ရဲ့ အမျိုးသားယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာကို ကိုယ်တိုင်တန်ဖိုးထားကာ နိုင်ငံသားတိုင်းက စိတ်အားတက်ကြွစွာနဲ့ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပ

**မုံရွာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ သလ္လာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)က ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ရုံးမှ ပေးပို့သည့် သဝဏ်လွှာအားဖတ်ကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှု Video Clip ကို ကြည့်ရှုအားပေးကြပြီး မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆုရစာစီစာကုံး၊ ကဗျာ၊ ပန်းချီများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## မန္တလေးတိုင်းဒေသကြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင်ကျင်းပရာ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများက ဝထကလသ သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က UNESCO ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်မှု Video Clip ကို ပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးသည်။

ဆက်လက်၍ အမှတ်(၁၄)၊ အမှတ်(၅)၊ အမှတ်(၁)၊ အမှတ်(၁၆)နှင့် အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ပြုသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**ဘားအံ စက်တင်ဘာ ၈**

ကရင်ပြည်နယ်အတွင်း မူလတန်းပညာရေးကို ပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သော ကလေးများအား အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) အရ ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အတွက် ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှု မှတ်တမ်း ဓာတ်ပုံများနှင့် ဆုရစာစီစာကုံး၊ ကဗျာ၊ ပန်းချီလက်ရာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## သဲကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း ၁၁၈ တင်း ထွက်ရှိ

**သဲကုန်း စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ယမန်နေ့က တောင်သူဒေါ်ခင်ရွှေ၏ လယ်မြေ သုံးဧကတွင် ရတနာတိုးမျိုးစပါး မိုးစပါးစံပြကွက် ရိတ်သိမ်းရာ အထွက် (အခြောက် ၁၁၈ တင်း) ထွက်ရှိသည်။



သဲကုန်းမြို့နယ် အတွင်း ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုး ဧက ၅၄၀၊ YAR-14 ဧက ၈၃၀၊ ထိုင်းနှံကောက် ၁၁၆၂၂ ဧက၊ မှော်ဘီ-၂ ၁၁၀၀၆ ဧက၊ ရက် ၉၀ ၁၁၂၄၃ ဧက၊ ရတနာတိုး ၂၇၃၄၂ ဧက၊ အင်းမရဲဘော် ၈၄၆၃ ဧက၊ ဗီယက်နမ် ဧက ၁၁၅၆၀ စုစုပေါင်း ၈၂၆၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘီးလင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်ထုတ်ပေး

**ဘီးလင်း စက်တင်ဘာ ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များကို ယနေ့ နံနက်ပိုင်းက အထက(တောင်စွန်း)ကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူ ကျောင်းသား ကျောင်းသူ ၁၃၈ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များကို ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





# ရှမ်းပြည်နယ်၌ ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး စက်တင်ဘာ ၈**

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ကာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက ဖတ်ကြားပြီး ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ရွက်မှု (Video Clip) ပြသသည်။

ထို့နောက် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ အထက်တန်း အဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အနာဂတ်မြေပုံတွေ စဉ်ဆက်ပညာရေး" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပညာရေးပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# လှိုင်ကော်မြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

လှိုင်ကော် စက်တင်ဘာ ၈

**၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ပြည်နယ်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က အမှာစကား ပြောကြားပြီး ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်လူမှုရေးရာဝန်ကြီးက ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီနှင့် လှိုင်ကော်စက်မှုဇုန် အပိုင်း (၂) အတွင်း စက်မှုလုပ်ငန်းဆောင်ရွက် လုပ်ကိုင်မည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် လှိုင်ကော်စက်မှုဇုန် အပိုင်း (၂) မြေနေရာ လျာထားမှု၊ လှိုင်ကော်စက်မှုဇုန် အပိုင်း (၂) အတွင်း စက်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အရိုးဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား သွားရောက် တွေ့ဆုံအားပေးစကားပြောကြားပြီး လူနာများအတွက် ဖြည့်စွက်စာ အာဟာရနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေမြို့)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(သပြေချောင်း)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**



# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

**လှိုင်ကော် စက်တင်ဘာ ၈**

ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (လှိုင်ကော်ရုံး) နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ (MSMEs) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးတင်လှ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းများ တစ်ပိုင်တစ်နိုင်ထုတ်လုပ်နိုင်ရေး ဈေးကွက်အတွင်း ထိုးဖောက်ရောင်းချစေနိုင်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းဖြင့် ဝင်ငွေတိုးတက်စေခြင်းဖြင့် နိုင်ငံစီးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဟိုတယ်၊ တည်းခိုရိပ်သာ၊ တည်းခိုခန်းများမှ သင်တန်းသား ၂၀ တက်ရောက်ပြီး စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

**ပြည်နယ် (ပြန်/ဆက်)**



## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၈** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# လုပ်ဆောင်သူကို တန်ဖိုးထားပါ

ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)

### အရည်အချင်းအခြေပြုစနစ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ခြင်း

အဖွဲ့အစည်းတစ်ခု အောင်မြင်ရန်အတွက် အဆောက်အအုံကောင်းများ၊ ခေတ်မီနည်းပညာများနှင့် ဘဏ္ဍာငွေများလိုအပ်သကဲ့သို့ အရေးအကြီးဆုံးသော အခြေခံအင်အားတစ်ရပ်မှာ မှန်ကန်သောလူကို မှန်ကန်သောနေရာတွင် တာဝန်ပေးနိုင်ခြင်းနှင့် ထိုလူ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ကို တရားမျှတစွာ အသိအမှတ်ပြုနိုင်ခြင်း ဖြစ်သည်။ ဤအချက်သည် အဖွဲ့အစည်းတိုင်းတွင် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သော်လည်း လက်တွေ့တွင် အကဲဖြတ်ခြင်းနှင့် တန်ဖိုးထားခြင်းတို့တွင် စိန်ခေါ်မှုများ ရှိတတ်သည်။

လုပ်ငန်းခွင်တစ်ခုကို လေ့လာကြည့်လျှင် **တိတ်တဆိတ်တာဝန်ကျေပွန်အောင် ထမ်းဆောင်နေသူများရှိသကဲ့သို့ မိမိလုပ်ဆောင်ချက်များကို ပိုမိုပေါ်လွင်အောင် ပြသနိုင်သူများလည်း ရှိတတ်သည်။ ပေါ်လွင်စွာ ပြောဆိုတင်ပြနိုင်ခြင်းသည် မကောင်းသောအရာ မဟုတ်ပါ။ မိမိလုပ်ဆောင်ချက်ကို ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်ခြင်းသည်လည်း ခေါင်းဆောင်မှုစွမ်းရည်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။**

သို့သော် အဖွဲ့အစည်းတစ်ခုတွင် **"မည်သူက ပိုကောင်းစွာ လုပ်ပြနိုင်သနည်း"** ဆိုသည့် မေးခွန်းက **"မည်သူက ပိုမိုထိရောက်စွာ တန်ဖိုးဖန်တီးပေးနေသနည်း"** ဆိုသည့် မေးခွန်းကို အစားထိုးသွားပါက ပြဿနာ စတင်လာသည်။

ထို့ကြောင့် အဖွဲ့အစည်းကောင်းတစ်ခု၏ အခြေခံမူမှာ **"အသံကျယ်သူကို နေရာပေးခြင်း"** မဟုတ်ဘဲ အရည်အချင်း၊ ကြိုးစားအားထုတ်မှု၊ ရလဒ်၊ ကျင့်ဝတ်နှင့် အနာဂတ်တိုးတက်နိုင်စွမ်းတို့ကို အခြေခံ၍ လူတစ်ဦးချင်းစီ၏ တန်ဖိုးကို မှန်ကန်စွာ သတ်မှတ်ပေးခြင်း ဖြစ်သင့်သည်။ ဤနေရာတွင် အရည်အချင်းနှင့် စွမ်းဆောင်ရည်အပေါ် အခြေခံသည့်စနစ် (Merit-based System) ၏ အရေးပါမှုပေါ်ပေါက်လာသည်။

### လုပ်ပြနိုင်ခြင်းနှင့် တန်ဖိုးဖန်တီးနိုင်ခြင်းကို ခွဲခြားကြည့်ရန်

လုပ်ငန်းခွင်တွင် **"လုပ်ပြသူ"** နှင့် **"အမှန်တကယ် လုပ်ဆောင်သူ"** ဟူ၍ လူများကို အလွယ်တကူ ခွဲခြားသတ်မှတ်ရန် မသင့်တော်ပါ။ တစ်ခါတစ်ရံ တိတ်ဆိတ်စွာ အလုပ်လုပ်နေသူသည် မိမိလုပ်ဆောင်ချက်ကို မည်သို့တင်ပြရမည်ကို မကျွမ်းကျင်သည့်အတွက် မိမိ၏တန်ဖိုးကို မပေါ်လွင်စေနိုင်သကဲ့သို့ မိမိလုပ်ဆောင်ချက်ကို ကောင်းစွာတင်ပြနိုင်သူသည်လည်း အမှန်တကယ် ရလဒ်ကောင်းများ ဖန်တီးနေသူဖြစ်နိုင်သည်။

ထို့ကြောင့် ပြဿနာ၏ အဓိကအချက်မှာ **"ပြောတတ်သူ"** နှင့် **"မပြောတတ်သူ"** တို့ကို ခွဲခြားခြင်းမဟုတ်ဘဲ **"ပြောဆိုတင်ပြမှု"** နှင့် **"အမှန်တကယ်ရရှိသောရလဒ်"**ကို မည်မျှ မျှတစွာ ချိန်ညှိအကဲဖြတ်နိုင်သနည်း ဆိုသည့်အချက်ဖြစ်သည်။

ဥပမာအားဖြင့် စီမံကိန်းတစ်ခုကို အောင်မြင်စွာ ပြီးမြောက်အောင်ဆောင်ရွက်ပေးသူ၊ ကျောင်းသားများ၏ သင်ယူမှုရလဒ် တိုးတက်အောင်ဆောင်ရွက်ပေးသူ၊ လူနာများကိုစနစ်တကျ ပြုစုကုသပေးသူ၊ ရုံးလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်ထိရောက်အောင် ပြုပြင်ပေးသူတို့၏ တန်ဖိုးကို စကားပြောကောင်းခြင်း တစ်ခုတည်းဖြင့် တိုင်းတာ၍မရနိုင်ပေ။ လုပ်ဆောင်ချက်၊ ရလဒ်၊ ကျင့်ဝတ်နှင့် အများပြည်သူအပေါ် အကျိုးသက်ရောက်မှုတို့ကို ပေါင်းစပ်ကြည့်မှသာ အလုပ်တစ်ခု၏တန်ဖိုးကို မှန်ကန်စွာ မြင်နိုင်မည်ဖြစ်သည်။

> ❝ ယနေ့အချိန်တွင် "အလုပ်လုပ်ရင်တန်ဖိုးရမယ်" ဟူသော ယုံကြည်ချက်သည် အဖွဲ့အစည်းတိုင်းတွင် ရှင်သန်နေရန် အရေးကြီးသည်။ ထိုယုံကြည်ချက်မရှိပါက အလုပ်ကြိုးစားသူသည် တဖြည်းဖြည်းစိတ်ဓာတ်ကျလာမည်။ ကျွမ်းကျင်သူသည် အခွင့်အလမ်းရှိသည့်နေရာသို့ ရွှေ့လျားသွားမည်။ အဖွဲ့အစည်းအတွင်း ယုံကြည်မှုကျဆင်းလာမည်။ နောက်ဆုံးတွင် အဖွဲ့အစည်းက ဆုံးရှုံးရမည့်အရာသည် ဝန်ထမ်းတစ်ဦးတည်းမဟုတ်ဘဲ အတွေ့အကြုံ၊ အသိပညာ၊ အဖွဲ့အစည်းမှတ်ဉာဏ်နှင့် အနာဂတ်စွမ်းဆောင်ရည်တို့ ဖြစ်လာမည် ❞

### အရည်အချင်းအခြေပြုစနစ်ဆိုသည်မှာ ဆုချီးမြှင့်ခြင်းထက် ပိုမိုကျယ်ပြန့်သည်

အရည်အချင်းအခြေပြုစနစ်ကို တစ်ခါတစ်ရံ **"အကောင်းဆုံးသူကို ရာထူးပေးခြင်း"** သို့မဟုတ် **"စွမ်းဆောင်ရည်ကောင်းသူကို ဆုချီးမြှင့်ခြင်း"**အဖြစ်သာ နားလည်လေ့ရှိသည်။ အမှန်တွင်မူ ဝန်ထမ်းရွေးချယ်ခန့်အပ်ခြင်း၊ တာဝန်ပေးခြင်း၊ စွမ်းဆောင်ရည်အကဲဖြတ်ခြင်း၊ ရာထူးတိုးခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်းအားလုံးကို ချိတ်ဆက်ထားသည့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်တစ်ရပ်ဖြစ်သည်။

အရည်အချင်းနှင့် ထိုက်တန်မှုနှင့် ပွင့်လင်းမြင်သာမှုကို အခြေခံသော လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်သည် အာဏာအလွဲသုံးစားမှု၊ မျက်နှာသာပေးမှုနှင့် ဆွေမျိုးသားချင်းအပေါ် အခွင့်ထူးပေးမှုတို့၏ အန္တရာယ်များကို လျှော့ချနိုင်ရန် အရေးကြီးကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဝန်ထမ်းရွေးချယ်ခြင်း၊ ရာထူးတိုးခြင်းနှင့် စွမ်းဆောင်ရည် အကဲဖြတ်ခြင်းတို့ကို ရည်ရွယ်ချက်ကျသော စံနှုန်းများနှင့် တရားမျှတသော လုပ်ထုံးလုပ်နည်းများအပေါ်အခြေခံရန် အလေးပေးထားသည်။ "(OECD, Public Integrity Handbook)"

ဤနေရာတွင် အရည်အချင်းနှင့် စွမ်းဆောင်ရည်အပေါ် အခြေခံသည့်စနစ်၏ မေးခွန်းမှာ-

"ဘယ်သူ့ကိုချီးမြှင့်မလဲ" ဆိုတာထက် **"ဘယ်လိုစံနှုန်းနဲ့ တန်ဖိုးကို တိုင်းတာမလဲ"** ဆိုတာ ပိုအရေးကြီးသည်။

### နိုင်ငံတကာ၏ သင်ခန်းစာ - ထိုက်တန်မှုကို စနစ်တစ်ခုအဖြစ် တည်ဆောက်ခြင်း

နိုင်ငံတကာအတွေ့အကြုံများတွင် အရည်အချင်းအခြေပြုစနစ်ကို တစ်ဦးချင်းစီအပေါ် မျက်နှာသာပေးသည့်စနစ်အဖြစ် မဟုတ်ဘဲ စံနှုန်းရှင်းလင်းမှု၊ ပြိုင်ဆိုင်မှုမျှတမှု၊ စွမ်းဆောင်ရည် အကဲဖြတ်မှုနှင့် အခွင့်အလမ်းတန်းတူညီမျှမှုတို့ ပေါင်းစပ်ထားသည့် အဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖြစ် တွေ့ရသည်။

### ဂျပန်နိုင်ငံ၏ အရည်အချင်းအပေါ် အခြေခံသော ပြည်သူ့ဝန်ထမ်းစနစ်

ဂျပန်နိုင်ငံ၏ အမျိုးသားဝန်ထမ်းအာဏာပိုင်အဖွဲ့ (National Personnel Authority) ၏ ဖော်ပြချက်အရ နိုင်ငံ့ဝန်ထမ်းများ၏ ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းတို့ကို ဝန်ထမ်းရွေးချယ်ရေး စာမေးပွဲ၊ ဝန်ထမ်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းနှင့် သက်သေပြနိုင်သော အရည်အချင်းနှင့် ထိုက်တန်မှုတို့အပေါ် အခြေခံသည့် အရည်အချင်းနှင့် ထိုက်တန်မှုအခြေပြုစနစ်ဖြင့် ဆောင်ရွက်ကြောင်း ဖော်ပြထားသည်။

အစပိုင်းခန့်အပ်မှုမှစ၍ နောက်ပိုင်းရာထူးတိုးခြင်းနှင့် တာဝန်ပြောင်းခြင်းများအထိ တရားမျှတသော စံနှုန်းများကို အသုံးပြုရန် ရည်ရွယ်ထားသည်။ "(National Personnel Authority, Japan)"

### စင်ကာပူနိုင်ငံ၏ "အကောင်းဆုံးသူ" မှ "သင့်တော်ဆုံးသူ" သို့

စင်ကာပူနိုင်ငံ၏ ပြည်သူ့ဝန်ဆောင်မှုဌာန (Public Service Division)တွင်လည်း ဝန်ထမ်းခန့်အပ်ရေးကို အရည်အချင်းနှင့် ထိုက်တန်မှုအပေါ် အခြေခံဆောင်ရွက်ပြီး လုပ်ငန်းတာဝန်၏ လိုအပ်ချက်နှင့်အညီ လျှောက်ထားသူများ၏ ကျွမ်းကျင်မှု၊ အရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံနှင့်ကိုယ်ပိုင်အရည်အသွေးများကို ချိန်ညှိအကဲဖြတ်သည်။ မကြာသေးမီကာလများတွင်လည်း ဝန်ထမ်းရွေးချယ်ရာ၌ ပညာရေးအရည်အချင်း တစ်ခုတည်းကိုသာ အလေးပေးသည့် ချဉ်းကပ်မှုမှ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် အခြေပြုခန့်အပ်ရေးစနစ်ဘက်သို့ ရွေ့လျားလာသည်။ ထို့ပြင် လျှောက်ထားသူများ၏ လက်တွေ့ပြဿနာ ဖြေရှင်းနိုင်စွမ်းနှင့် လုပ်ငန်းခွင် စွမ်းဆောင်ရည်ကို ပိုမိုတိကျစွာ အကဲဖြတ်နိုင်ရန် ဖြစ်ရပ်လေ့လာသုံးသပ်ချက်နှင့် လက်တွေ့လုပ်ငန်းတာဝန်များကိုလည်း အသုံးပြုလာကြသည်။ "(Public Service Division, Singapore)"

### အိန္ဒိယနိုင်ငံ၏ပြိုင်ဆိုင်မှုရှိသော ပြည်သူ့ဝန်ထမ်းရွေးချယ်မှု

အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရွေးချယ်ရေးကော်မရှင် (Union Public Service Commission – UPSC)သည် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ရာတွင် အရေးပါသောအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း ရွေးချယ်ရေးစာမေးပွဲကို အဓိကယှဉ်ပြိုင်ရွေးချယ်ရေးစနစ်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသည်။ ယင်းစာမေးပွဲသည် နိုင်ငံ့ဝန်ထမ်းများကို ပွင့်လင်းမြင်သာသော ပြိုင်ပွဲစနစ်ဖြင့် ရွေးချယ်နိုင်ရန် ရည်ရွယ်ထားပြီး လျှောက်ထားသူများ၏ အသိပညာ၊ အတွေးအခေါ် စွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အရည်အချင်းများကို အဆင့်ဆင့်အကဲဖြတ်သည့်စနစ်ဖြစ်သည်။ "(Union Public Service Commission, India)"

သို့သော် အိန္ဒိယနိုင်ငံတွင် အရည်အချင်းနှင့် ထိုက်တန်မှု အခြေပြုစနစ်နှင့်အတူ လူမှုရေး တန်းတူညီမျှမှုနှင့် အခွင့်အရေးမျှတမှုကို မြှင့်တင်ရန် အစိုးရက သတ်မှတ်ထားသော နေရာခွဲဝေသတ်မှတ်စနစ်ကိုလည်း ကျင့်သုံးလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ၏ ဝန်ထမ်းရွေးချယ် ခန့်အပ်ရေးစနစ်သည် ထိုက်တန်မှုကို အခြေခံထားသော်လည်း လူမှုရေးအရ အခွင့်အလမ်းမညီမျှမှုများကို လျှော့ချရန် တန်းတူညီမျှရေးဆိုင်ရာမူဝါဒများကိုပါ ထည့်သွင်းစဉ်းစားထားသည့် စနစ်တစ်ရပ် ဖြစ်လာသည်။ ယင်းသည် အရည်အချင်းအပေါ် အခြေခံသော ရွေးချယ်မှုနှင့် လူမှုရေးတရားမျှတမှုကို ဟန်ချက်ညီစွာ ပေါင်းစပ်ထားသည့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနည်းလမ်းတစ်ရပ်အဖြစ် လေ့လာစရာကောင်းသော နိုင်ငံတကာ အတွေ့အကြုံတစ်ခုဖြစ်သည်။

### အရည်အချင်းအခြေပြုစနစ်တစ်ခုအတွက် အခြေခံမဏ္ဍိုင် ၅ ရပ်

မြန်မာ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူ ဝန်ဆောင်မှုကဏ္ဍများတွင် အသုံးချနိုင်ရန် အရည်အချင်းအခြေပြုစနစ်ကို အောက်ပါ အခြေခံမဏ္ဍိုင်များဖြင့် တည်ဆောက်နိုင်သည်။

**၁။ ရှင်းလင်းသော စံနှုန်း**

ရာထူးခန့်အပ်ခြင်း၊ ရာထူးတိုးခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် တာဝန်ပေးခြင်းတို့အတွက် စံနှုန်းများကို ကြိုတင်သတ်မှတ်ထားရမည်။ **"ဘယ်သူ့ကို ကြိုက်လဲ"** မဟုတ်ဘဲ **"ဘယ်သူက သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီသလဲ"** ဟူသော မေးခွန်းဖြစ်ရမည်။

**၂။ တိုင်းတာနိုင်သော ရလဒ်**

လုပ်ဆောင်ချက်များကို မှတ်တမ်း၊ ရလဒ်၊ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုတို့ဖြင့် သက်သေပြနိုင်ရန် လိုအပ်သည်။ အဓိက စွမ်းဆောင်ရည် ညွှန်ပြကိန်းသည် အရေးကြီးသော်လည်း စွမ်းဆောင်ရည် ညွှန်ပြကိန်းတစ်ခုတည်းဖြင့် လူတစ်ဦး၏တန်ဖိုးကို မဆုံးဖြတ်သင့်ပေ။အလုပ်၏ အရည်အသွေး၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှု၊ ကျင့်ဝတ်နှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

**၃။ ဘက်စုံအကဲဖြတ်ခြင်း**

လူတစ်ဦး၏ အမြင်တစ်ခုတည်းကိုအခြေခံခြင်းထက် လုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့ဝင်များ၊ ဝန်ဆောင်မှုရယူသူများနှင့် သက်ဆိုင်ရာများ၏ အချက်အလက်များကို ပေါင်းစပ်ကြည့်ရှုနိုင်သည်။ ဤနေရာတွင် 360-degree Feedback ကဲ့သို့သော နည်းလမ်းများကို အခြေအနေနှင့် ကိုက်ညီစွာ အသုံးပြုနိုင်သည်။

**၄။ အသိအမှတ်ပြုမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး**

အကောင်းဆုံးလုပ်ဆောင်သူကို ဆုတစ်ခုသာ ပေးခြင်းမဟုတ်ဘဲ "အသိအမှတ်ပြုခြင်း ➢ လေ့ကျင့်ရေး ➢ အလုပ်အကိုင်အခွင့်အလမ်း ➢ ခေါင်းဆောင်မှုဖွံ့ဖြိုးတိုးတက်မှု"ဟူသော လမ်းကြောင်းတစ်ခု ဖန်တီးပေးရမည်။

**၅။ အယူခံနှင့် ပြန်လည်သုံးသပ်ခွင့်**

အရည်အချင်းအခြေပြုစနစ်သည် လူသားများက ဆောင်ရွက်သော စနစ်ဖြစ်သည့်အတွက် အမှားအယွင်းဖြစ်နိုင်သည်။ *စာမျက်နှာ ၁၁ သို့*

> ❝ လုပ်ဆောင်သူကို တန်ဖိုးထားခြင်းသည် လူတစ်ဦးချင်းကို ချီးမြှင့်ခြင်းထက် လူ့စွမ်းအားအရင်းအမြစ်ကို မှန်ကန်စွာအသုံးချနိုင်သည့် စနစ်တစ်ရပ် တည်ဆောက်ခြင်းဖြစ်သည်။ အရည်အချင်း၊ ကြိုးပမ်းအားထုတ်မှု၊ စွမ်းဆောင်ရည်နှင့် လက်တွေ့ရလဒ်များကို အခြေခံ၍ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် အခွင့်အလမ်းပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါက အဖွဲ့အစည်းအတွင်း ယုံကြည်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်လာမည် ❞

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသား သုံးဦး၊ ယူဂန်ဒါနိုင်ငံသား သုံးဦးနှင့် ရဝမ်ဒါနိုင်ငံသား နှစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၂ ဦး



တို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြား နေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင် ၁၁/၅ မှ တာမိုင် ၁၁/၇ ကြား ဆည်မြောင်းတာအပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ်သဲအိတ်ချခြင်းနှင့် ရေလမ်းသောင်တူးခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**



*စာမျက်နှာ ၁၀ မှ*

ထို့ကြောင့် အကဲဖြတ်မှုအပေါ် ရှင်းလင်းချက်တောင်းခံနိုင်ခြင်း၊ ပြန်လည်သုံးသပ်နိုင်ခြင်းနှင့် မျှတသော အယူခံလုပ်ငန်းစဉ်ရှိခြင်းတို့သည် စနစ်အပေါ် ယုံကြည်မှုတည်ဆောက်ရန် အရေးကြီးသည်။

**"အသိအမှတ်ပြုမှု" ကို ဆုချီးမြှင့်ခြင်းထက် ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ဆောက်ရန်**

အဖွဲ့အစည်းတစ်ခုတွင် တန်ဖိုးထားမှုဆိုသည်မှာ နှစ်ကုန်မှ ဆုတံဆိပ်ပေးခြင်း တစ်ခုတည်းမဟုတ်ပေ။ တစ်ခါတစ်ရံ **"ဒီလုပ်ငန်းကို သင်စနစ်တကျပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တာ ကျေးဇူးတင်ပါတယ်"** ဟူသော စကားတစ်ခွန်းသည်ပင် ဝန်ထမ်းတစ်ဦး၏ အလုပ်အပေါ် သဘောထားကို ပြောင်းလဲစေနိုင်သည်။

ထို့ပြင် တန်ဖိုးထားမှုသည် တစ်ဦးချင်းအောင်မြင်မှုကိုသာ ချီးကျူးခြင်းမဟုတ်ဘဲ အဖွဲ့အစည်းက မည်သည့်အပြုအမူနှင့် စွမ်းဆောင်ရည်ကို တန်ဖိုးထားကြောင်း အခြားသူများအား ပြသပေးသည့် ချီးကျူးမှုတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် တရားမျှတစွာ အသိအမှတ်ပြုသည့် အဖွဲ့အစည်းသည် တရားမျှတစွာ ကြိုးစားလိုစိတ်ကိုလည်း မွေးမြူပေးနိုင်သည်။

**ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများအတွက် ပိုမိုအရေးကြီး**

အရည်အချင်း အခြေပြုစနစ်ဆိုသည်မှာ ဝန်ထမ်းတစ်ဦး၏ ရာထူး၊ ဘွဲ့အမည် သို့မဟုတ် စာရွက်စာတမ်းပေါ်ရှိ အရည်အချင်းများကိုသာ ကြည့်ရှုခြင်းမဟုတ်ဘဲ မိမိတာဝန်ကို မည်မျှကျွမ်းကျင်စွာ ထမ်းဆောင်နိုင်သည်၊ မည်သည့်ရလဒ်ကို ဖန်တီးပေးနိုင်သည်နှင့် အများပြည်သူအတွက် မည်မျှအကျိုးရှိစေသည်တို့ကိုပါ ထည့်သွင်းတန်ဖိုးထားသည့် စနစ်ဖြစ်သည်။ ထို့ကြောင့် အရည်အချင်းကို လက်တွေ့လုပ်ငန်းခွင်အတွင်း မြင်တွေ့နိုင်သည့် စွမ်းဆောင်ရည်နှင့် ရလဒ်များဖြင့် တိုင်းတာရန်လိုအပ်သည်။

ဥပမာအားဖြင့် ဆရာတစ်ဦး၏ တန်ဖိုးကို စာသင်ခန်းရှေ့တွင် ပြောဆိုနိုင်စွမ်းတစ်ခုတည်းဖြင့် မတိုင်းတာသင့်သကဲ့သို့ ဆရာဝန်တစ်ဦး၏ တန်ဖိုးကို လူမှုမီဒီယာတွင် ပေါ်လွင်မှုဖြင့် မတိုင်းတာသင့်ပေ။ ကျောင်းသား၏ သင်ယူမှုတိုးတက်မှု၊ လူနာ၏ ကျန်းမာရေးရလဒ်၊ ဝန်ဆောင်မှု၏ အရည်အသွေးနှင့် လူထုအပေါ် အကျိုးသက်ရောက်မှုတို့သည် ပိုမိုအဓိပ္ပာယ်ရှိသော စံနှုန်းများဖြစ်သည်။

**အရည်အချင်းအခြေပြုစနစ်သည် လူများကို ပြိုင်ခိုင်းခြင်း မဟုတ်**

ဤအချက်ကိုလည်း အထူးသတိပြုရန် လိုအပ်သည်။ အရည်အချင်းအခြေပြုစနစ် ဆိုသည်မှာ လူတိုင်းကို တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်ခိုင်းပြီး အနည်းငယ်သောသူများကိုသာ အောင်မြင်စေသည့်စနစ် မဖြစ်သင့်ပေ။

အမှန်တကယ် ကောင်းမွန်သော အရည်အချင်းအခြေပြုစနစ်သည်–

- ✔ အရည်အချင်းရှိသူကို ဖော်ထုတ်ပေးသည်။
- ✔ အားနည်းသူကို လေ့ကျင့်ပေးသည်။
- ✔ ကြိုးစားသူကို အခွင့်အလမ်းပေးသည်။
- ✔ စွမ်းဆောင်ရည်ကောင်းသူကို အသိအမှတ်ပြုသည်။
- ✔ မည်သူ့ကိုမျှ မျက်နှာသာပေးမှုကြောင့် နောက်ကျမကျန်စေရန် ကာကွယ်ပေးသည်။

ထို့ကြောင့် အရည်အချင်းအခြေပြု စနစ်၏ အခြေခံအယူအဆမှာ **"လူတိုင်းကို တူညီသောရလဒ်ရစေရန်"** မဟုတ်ဘဲ **"လူတိုင်းအား မျှတသော အခွင့်အလမ်းနှင့် ရှင်းလင်းသော စံနှုန်းများအောက်တွင် မိမိ၏အရည်အချင်းကို ပြသနိုင်ရန်"** ဖြစ်သည်။

**အနာဂတ်အတွက် အရည်အချင်းအခြေပြုစနစ် တည်ဆောက်ကြပါစို့**

ယနေ့အချိန်တွင် **"အလုပ်လုပ်ရင်တန်ဖိုးရမယ်"** ဟူသော ယုံကြည်ချက်သည် အဖွဲ့အစည်းတိုင်းတွင် ရှင်သန်နေရန် အရေးကြီးသည်။ ထိုယုံကြည်ချက်မရှိပါက အလုပ်ကြိုးစားသူသည် တဖြည်းဖြည်း စိတ်ဓာတ်ကျလာမည်။ ကျွမ်းကျင်သူသည် အခွင့်အလမ်းရှိသည့်နေရာသို့ ရွှေ့လျားသွားမည်။ အဖွဲ့အစည်းအတွင်း ယုံကြည်မှုကျဆင်းလာမည်။ နောက်ဆုံးတွင် အဖွဲ့အစည်းက ဆုံးရှုံးရမည့်အရာသည် ဝန်ထမ်းတစ်ဦးတည်း မဟုတ်ဘဲ အတွေ့အကြုံ၊ အသိပညာ၊ အဖွဲ့အစည်းမှတ်ဉာဏ်နှင့် အနာဂတ် စွမ်းဆောင်ရည်တို့ ဖြစ်လာမည်။

အပြန်အလှန်အားဖြင့် တရားမျှတသော အရည်အချင်းအခြေပြုစနစ်တစ်ခုရှိပါက ဝန်ထမ်းများအနေဖြင့် **"ငါ့အလုပ်ကို မြင်ကြမယ်။ ငါ့ရလဒ်ကို တိုင်းတာကြမယ်။ ငါ့အရည်အချင်းကို တန်ဖိုးထားကြမယ်။ ငါတိုးတက်ဖို့ အခွင့်အလမ်းရှိမယ်"** ဟူသော ယုံကြည်ချက် ရရှိလာမည်ဖြစ်သည်။ ယင်းယုံကြည်ချက်သည် အဖွဲ့အစည်းတစ်ခု၏ အဖွဲ့အစည်းယဉ်ကျေးမှုကို တဖြည်းဖြည်း ပြောင်းလဲပေးနိုင်သည်။

**လုပ်ပြသူကိုသာမက တန်ဖိုးဖန်တီးသူကို ရှာဖွေကြပါစို့**

နိုင်ငံတော် ပြန်လည်တည်ဆောက်ရေး၏ အဓိကအင်အားသည် အဆောက်အအုံများ၊ စက်ယန္တရားများနှင့် နည်းပညာများသာ မဟုတ်ပေ။ မှန်ကန်သောအလုပ်ကို မှန်ကန်သောနည်းလမ်းဖြင့် လုပ်ဆောင်နိုင်သည့် လူများဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အဖွဲ့အစည်းများတွင် **"ဘယ်သူက ပိုပြီး ပေါ်လွင်သလဲ"** ဆိုသည့် မေးခွန်းထက် **"ဘယ်သူက ပိုမိုတန်ဖိုးဖန်တီးပေးနေသလဲ"** ဟူသည့် မေးခွန်းကို ပိုမိုမေးမြန်းသင့်သည်။

တရားမျှတသော အရည်အချင်းအခြေပြုစနစ် ဆိုသည်မှာ လူတစ်ဦးကို အခြားတစ်ဦးထက် မြှင့်တင်ရန်အတွက်သာ မဟုတ်ပါ။ ကြိုးစားသူများကို မျှော်လင့်ချက်ပေးရန်၊ ကျွမ်းကျင်သူများကို ထိန်းသိမ်းရန်၊ လူငယ်များကိုတိုးတက်ရန် လမ်းဖွင့်ပေးရန်နှင့် အဖွဲ့အစည်းများ၏ ယုံကြည်မှုကို တည်ဆောက်ရန်ဖြစ်သည်။

လုပ်ဆောင်သူကို တန်ဖိုးထားခြင်းသည် လူတစ်ဦးချင်းကို ချီးမြှင့်ခြင်းထက် လူ့စွမ်းအားအရင်းအမြစ်ကို မှန်ကန်စွာ အသုံးချနိုင်သည့် စနစ်တစ်ရပ် တည်ဆောက်ခြင်းဖြစ်သည်။ အရည်အချင်း၊ ကြိုးပမ်းအားထုတ်မှု၊ စွမ်းဆောင်ရည်နှင့် လက်တွေ့ရလဒ်များကို အခြေခံ၍ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် အခွင့်အလမ်းပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါက အဖွဲ့အစည်းအတွင်း ယုံကြည်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် **"ကြိုးစားသူအခွင့်အလမ်းရ၊ အရည်အချင်းရှိသူ တိုးတက်ရ၊ ရလဒ်ကောင်းဖန်တီးသူ အသိအမှတ်ပြုခံရ"**သည့် အရည်အချင်းအခြေပြုစနစ်ကို တည်ဆောက်ရန်လိုအပ်သည်။ ပွင့်လင်းမြင်သာမှု၊ မျှတသောအကဲဖြတ်မှုနှင့် တန်းတူအခွင့်အလမ်းတို့ဖြင့် အရည်အချင်းအခြေပြုစနစ်ကို ခိုင်မာစွာ အကောင်အထည်ဖော်နိုင်မှသာ လူ့စွမ်းအားအရင်းအမြစ်သည် အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မှန်ကန်သော အင်အားတစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။ ။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# လေးမျက်နှာမြို့နယ် ဝေနံတာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့



**ပုသိမ် စက်တင်ဘာ ၈** ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဝေနံတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သဖြင့် တာတမံ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများကို ဩဂုတ် ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရေဝင်လမ်းကြောင်းကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝေနံတာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းထိန်းချုပ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား နေ့လယ်စာဒံပေါက်ဘူးများနှင့် Mytel ဆင်းကတ်များ လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၅) ရပ်ကွက်သို့ သွားရောက်၍ ရေပြန်လည်ကျဆင်းမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေပြန်လည်ကျဆင်းလာသဖြင့် ၎င်းတို့၏ နေအိမ်များတွင် ပြန်လည် နေထိုင်နေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေစီးကျော်ဝင်ရောက်သည့်နေရာကို Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈** နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ရေဝင်ရောက်မှုများကို တားဆီးပိတ်ဆို့နိုင်ရန်၊ ပြည်သူများ အချိန်တိုအတွင်း ရေဘေးကယ်ဆယ်ရေး စခန်းများမှ မိမိတို့နေထိုင်ရာဒေသများတွင် ပြန်လည်ဝင်ရောက်နိုင်ရန်နှင့် စိုက်ပျိုးသီးနှံများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်တို့အတွက် တာတမံနိမ့်ကျပြီး ရေစီးကျော်ဝင်ရောက်သည့် နေရာတွင် Sheet Pile များရိုက်၍ ကာရံတားဆီးခြင်း လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အားဖြည့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများပေါင်းစပ်ပြီး Sheet Pile များရိုက်၍ ကာရံခြင်းလုပ်ငန်းများကို တွန်းသင်္ဘော လေးစင်း၊ Barge တွဲ လေးစင်း၊ ပဲ့ထောင်စက်လှေ လေးစင်း၊ Excavator တစ်စီး၊ 50 Ton Crane နှစ်စီး၊ 25 Ton Crane နှစ်စီး၊ Vibro–Hammae With Double Jaw & Accessories လေးစုံ၊ Silent Piler+ Power Unit တစ်စုံ၊ 3.5 Ton Hummer Control Pannel တစ်စုံ၊ Generator သုံးလုံး၊ Air Compressor နှစ်လုံး စသည့် စက်/ယာဉ်/ယန္တရားများကို အသုံးပြု၍ နေ့ညဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ကာရံခြင်းလုပ်ငန်းတွင် Sheet Pile ၂၈၂ ချောင်းကို အသုံးပြု၍ ရေအနက် ၁၇ မီတာအထိ ရိုက်သွင်းခဲ့ရပြီး ရိုက်သွင်းထားပြီးဖြစ်သည့် Sheet Pile များကို ပိုမိုခိုင်ခံ့ အားကောင်းစေရန်အတွက် အချင်း ၁ ဒသမ ၃၅ မီတာရှိ Stand Pipe လေးလုံး၊ H Beam 400 mm x 400 mm ဖြင့် ချောင်းတို့ဖြင့် ကျားကန်ခြင်း၊ ဒေါက်ကန်ခြင်း၊ Welding တွဲဆက်ခြင်း၊ ချုပ်တန်းများ ချုပ်ခြင်းတို့ကို တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ်တို့က အင်ဂျင်နီယာနှင့် ဝန်ထမ်းစုစုပေါင်း ၂၃၄ ဦးဖြင့် နေ့ဆိုင်း ညဆိုင်းဖြင့် အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ Sheet Pile များရိုက်၍ ကာရံခြင်းလုပ်ငန်းများကို လုပ်ငန်းစတင်ချိန်မှ စတင်ကာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ဆောလျင်စွာ ပြီးစီးရေးအတွက် စီမံဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရေစီးကျော်ဝင်ရောက်သည့်နေရာတွင် Sheet Pile များရိုက်၍ ကာရံတားဆီးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကာရံခြင်းလုပ်ငန်းတွင် အပြီးသတ်ရိုက်သွင်းမည့် Sheet Pile ကို ရိုက်သွင်းပေးကာ ကာရံခြင်းလုပ်ငန်းများကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ရေစီးကျော်ဝင်ရောက်သည့် နေရာကို Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေစီးကျော်ဝင်ရောက်မှုကို အလုံးစုံပိတ်နိုင်ရန်အတွက် သဲအိတ်များ ချခြင်း၊ Sheet Pile များ၏ အောက်ခြေတွင် Scour မဖြစ်စေရန် Jumbo bag သဲအိတ်များချခြင်း၊ Inclination ဒေါက်များဆောင်ရွက်ခြင်း၊ Sheet Pile များကို ထောက်ထားသော H Beam များ၏ ဝရိန်သားများအား နေ့/ညမပြတ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အားနည်းသော အပိုင်းကို ပြန်လည်အားဖြည့် ဆောင်ရွက်ခြင်း၊ ရေလမ်းကြောင်း အဟန့်အတား ဖြစ်စေရန် Concrete Sinker တုံးများ ချပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဝင်ရောက်မှုကို ပိတ်သိမ်းနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ သောင်တူးစက်ကြီး ရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ရေဝင်လမ်းကြောင်းအနီးသို့ သဲမှုတ်တင်ခြင်းများ၊ သဲ၊ ကျောက်များကို ပိုက်ကွန်ထဲထည့်သွင်း၍ ချခြင်းလုပ်ငန်းများ၊ Geobags အိတ်ကြီးများ ချထားခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း သိရသည်။

ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နယ်၊ ဟင်္သာတမြို့နယ်များတွင် နေထိုင်ကြသည့် ပြည်သူများသည် တာတမံပိတ်ဆို့ကာရံခြင်း လုပ်ငန်းများပြီးစီးပါက မိမိနေထိုင်ရာဒေသများသို့ ဆောလျင်စွာ ပြန်လည်ဝင်ရောက်နေထိုင်ပြီး ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ခြင်းနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## ကြည့်မြင်တိုင်မြို့နယ် ညဈေးအနီး စည်းကမ်းမဲ့ ကျူးကျော်ဈေးသည်များအား ဖယ်ရှားရှင်းလင်းပြီးဖြစ်

ကြည့်မြင်တိုင်ညဈေးသည် ဈေးကြီးလမ်း၊ ဗိုလ်သူရလမ်း၊ ကွမ်းရွဲတန်းလမ်း၊ ပိတောက်ပင်လမ်း၊ အုန်းပင်လမ်း၊ ရတနာပုံလမ်းတို့နှင့် ဆက်စပ်လျက်ရှိသဖြင့် စည်းကမ်းမဲ့ဈေးသည်များအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ နေ့စဉ်တစ်နေ့ နှစ်ကြိမ် လှည့်လည်ရှင်းလင်းသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လမ်းအတွင်း စည်းကမ်းမဲ့ ရောင်းချသည့် ကျူးကျော်ဈေးသည်များကို ဩဂုတ် ၁၅ ရက်တွင် ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီးဌာန**

## ခေမာသီနှင့် မေဓာဝီလမ်းဆုံမီးပွိုင့်ကို အမြန်ပြုပြင်ပေးစေလို

**အယ်ဒီတာခင်ဗျား–**

မြောက်ဥက္ကလာပမြို့နယ်ရှိ ခေမာသီလမ်းနှင့် မေဓာဝီလမ်းဆုံ မြောက်ဥက္ကလာပဆေးရုံကြီးအနီးတွင် မီးပွိုင့်တစ်ခုရှိပါသည်။ အဆိုပါ မီးပွိုင့်မှာ ယခင်က နှစ်ဖက်စလုံး မီးစိမ်းပြနေခြင်း၊ နှစ်ဖက်စလုံး မီးနီပြနေခြင်းများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ နှစ်ဖက်စလုံး မီးလုံးဝ မလင်းတော့ဘဲ ပျက်နေသည်မှာလည်း ကာလအတန်ကြာပြီဖြစ်ပါသည်။ အဆိုပါလမ်းဆုံသည် လိုင်းကားများ၊ ကိုယ်ပိုင်ကားများ၊ ဘေးတွဲယာဉ်များ၊ စက်ဘီးများနှင့် လမ်းသွားလမ်းလာများဖြင့် အမြဲစည်ကားနေသော နေရာတစ်ခုဖြစ်ပါသည်။ မီးပွိုင့်ပျက်နေခြင်းကြောင့် ယာဉ်တိုက်မှုများလည်း ဖြစ်ပွားခဲ့ဖူးကြောင်း ကြားသိရပါသည်။ ထို့ပြင် အနီးအနားတွင် ဆေးရုံ၊ ဆေးခန်းများ၊ အလယ်တန်းကျောင်းနှင့် မူလတန်းကြိုကျောင်းများရှိသည့်အပြင် မေဓာဝီဈေးလည်းရှိသဖြင့် ယာဉ်အသွားအလာနှင့် လူသွားလူလာ များပြားစည်ကားသောနေရာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်နှင့် လမ်းသွားလမ်းလာများ၏ အန္တရာယ်ကင်းရှင်းရေးအတွက် အဆိုပါမီးပွိုင့်ကို အမြန်ဆုံး စစ်ဆေးပြုပြင်ပေးပါရန် သက်ဆိုင်ရာတာဝန်ရှိသူများထံ အယ်ဒီတာ့ထံပေးစာကဏ္ဍမှ တစ်ဆင့် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

**မြောက်ဥက္ကလာပသား**

## အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ– mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းအား နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်

**နေပြည်တော် စက်တင်ဘာ ၈**

တပ်မတော် စစ်ကြောင်းများက NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွား လမ်းကြောင်း တစ်လျှောက်အား နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ပြည်သူလူထုအတွက် မငဲ့ကွက်ဘဲ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

NUG၊ CRPH အကြမ်းဖက် အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဒေသတွင်းအဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်စေရန် ရည်ရွယ်၍ ကမမောင်း – ဖာပွန်သွား ကားလမ်းမကြီးအား ထိန်းချုပ်နိုင်ရန်အတွက် လမ်းကြောင်းတစ်လျှောက်၌ လုံခြုံရေး ဆောင်ရွက်နေသော တပ်စခန်းငယ်များအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်၍အင်အားအလုံးအရင်းဖြင့် Drone များ၊ လက်နက်ကြီးများ အသုံးပြုကာ အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် အကောင်းဆုံး ကြံ့ကြံ့ခံ ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အင်အားများ အဆက်မပြတ်ဖြည့်တင်းကာ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်မှုများကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်အတွက် စစ်နည်းဗျူဟာမြောက် ယာယီဆုတ်ခွာ ပေးခဲ့ရသဖြင့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကမမောင်း-ဖာပွန်သွား ကားလမ်းမကြီးအား ယာယီစိုးမိုး ထိန်းချုပ်ခဲ့ပြီး အဖျက်အမှောင့် လုပ်ငန်းမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။

KNU၊ KNLA အကြမ်းဖက် အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် အဆိုပါ လမ်းကြောင်း တစ်လျှောက်အား ယာယီစိုးမိုးထားစဉ်အတွင်း လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသွားလာနေသော ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများ အဆမတန်ကောက်ခံခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် စစ်ရေးပစ်မှတ်မဟုတ်သော ရေပူတံတား၊ မိုင် ၄၀ တံတား၊ ကညင်ဒုံတံတားတို့အပါအဝင် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ မြေဖြတ်ကျင်းများတူး၍ အတားအဆီးပြုလုပ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်း ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်တို့မှာ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများ နှောင့်နှေး၍ ဒေသတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်း ကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့ရသည်။ ထို့ပြင် ခရီးသွားလာမှု ကန့်သတ်လာခြင်းနှင့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ လမ်းကြောင်းပိတ်ဆို့မှုများကြောင့် အဆိုပါ ဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတွင်အဟန့်အတားများဖြစ်ပေါ်မှုနှင့် စီးပွားရေးကျဆင်းလာမှုတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တဖြည်းဖြည်း ချွတ်ခြုံကျဆင်းလာခဲ့ကြောင်း သိရသည်။



တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထိန်းချုပ်ထားသည့် ကမမောင်း- ဖာပွန်သွား လမ်းကြောင်းအား နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုနေရာပြမြေပုံ။


ကညင်ဒုံတံတားအား အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကညင်ဒုံတံတားပျက်စီးနေမှုနှင့် ပြန်လည်တည်ဆောက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။


တပ်မတော်စစ်ကြောင်းများက ကမမောင်း- ဖာပွန်လမ်းကြောင်းရှိ တောင်သူစုကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှု။

ထို့ကြောင့် အဆိုပါ လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက ကမမောင်းမြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် မေ ၅ ရက်မှစ၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်း ဖွင့်လှစ်နိုင်ရေးလုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြရာ မေ ၈ ရက်တွင် ကျောက်ကွင်းလေး ကျေးရွာအားလည်းကောင်း၊ မေ ၁၀ ရက်တွင် ဝက်သိုးခိုကျေးရွာနှင့် မီဇိုင်းချောင်းဖျားကျေးရွာတို့အားလည်းကောင်း၊ မေ ၁၆ ရက်တွင် နေကကျေးရွာအား လည်းကောင်း၊ မေ ၁၈ ရက်တွင် ရေပူကျေးရွာအား လည်းကောင်း၊ မေ ၂၄ ရက်တွင် မိုင် (၄၀) ကျေးရွာအားလည်းကောင်း၊ မေ ၃၁ ရက်တွင် နိုခဲဒိုကျေးရွာနှင့် ဘောကျိုထကျေးရွာတို့အား လည်းကောင်း၊ ဇွန် ၃ ရက်တွင် ကတိုင်တီကျေးရွာအားလည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ဘောကြို့လယ်ကျေးရွာအား လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် ရှမ်းရွာကျေးရွာအားလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် တောင်သူစုကျေးရွာအား လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ဖာလုံလေးကျေးရွာအား လည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ကမမောင်း-ဖာပွန် လမ်းကြောင်းပေါ်ရှိ မိုင်တိုင်အမှတ် ၂၈/၅ မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာအား လည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

ထိုသို့ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၅၆ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စီး၊ မိုင်းမျိုးစုံ ၂၄၃ လုံး၊ လမ်းလျှောက်စကားပြောစက်များ၊ အသုံးအဆောင်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားများအား စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ရာ ရေပူတံတားအား ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်တွင် လည်းကောင်း၊ မိုင် ၄၀ တံတားအား ဇွန် ၂၄ ရက်တွင်လည်းကောင်း၊ ကညင်ဒုံတံတားအား ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း ပြန်လည်ပြုပြင် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ အဆိုပါလမ်း၊ တံတားများပေါ်တွင် ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများ အနေဖြင့် ကမမောင်း- ဖာပွန် လမ်းကြောင်းရှိ ကျန်ရှိနေသည့် ဖာလုံကြီး-ဖာပွန်လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation) ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ပစ်ကျင်း၊ ဘန်ကာများ မှတ်တမ်းဓာတ်ပုံ။

# Bombardier လေယာဉ်များ အမေရိကန်ဈေးကွက်အတွင်း ရောင်းချခွင့် ပိတ်ပင်မည်ဟု အမေရိကန်သမ္မတ ပြောကြား



**ဝါရှင်တန် စက်တင်ဘာ ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်နှင့်ကနေဒါအကြား ကုန်သွယ်ရေးတင်းမာမှု ပိုမိုမြင့်တက်လာနေချိန်တွင် ကနေဒါနိုင်ငံအပေါ် ထပ်မံဝေဖန်တိုက်ခိုက်ခဲ့ပြီး ကနေဒါကုမ္ပဏီ Bombardier အနေဖြင့် လေယာဉ်များကို အမေရိကန်နိုင်ငံအတွင်း ထုတ်လုပ်ခြင်း မပြုပါက အမေရိကန်ဈေးကွက်တွင် ရောင်းချခွင့်ပိတ်ပင်မည်ဟု သတိပေးခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က လူမှုကွန်ရက်မှတစ်ဆင့် အမေရိကန်တွင် Bombardier လေယာဉ်များ ထပ်မံမရောင်းချရတော့ဟု ရေးသားခဲ့ပြီး အမေရိကန်ဈေးကွက်ကို ရယူလိုပါက အမေရိကန်တွင် လာရောက်ထုတ်လုပ်ရမည်ဖြစ်ပြီး အမေရိကန်ကို ပိုက်ဆံထည့်သည့်ဘဏ်ကဲ့သို့ မဆက်ဆံရဟု ပြောကြားခဲ့သည်။

Bombardier လေယာဉ်များနှင့် ကနေဒါနိုင်ငံတွင် ထုတ်လုပ်သည့် အခြားလေယာဉ်များအားလုံးအတွက် အမေရိကန်လေကြောင်း အသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ယခုနှစ် ဇန်နဝါရီလကတည်းက သတိပေးခဲ့ဖူးသည်။ Bombardier သည် စီးပွားရေးသုံးဂျက်လေယာဉ်များ ထုတ်လုပ်ရာတွင် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည်။

အမေရိကန်နှင့် ကနေဒါအကြား ကုန်သွယ်ရေး ဆွေးနွေးမှုများသည် ဩဂုတ် ၂၂ ရက်တွင် ပျက်ပြားခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးတင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တူကီယဲနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်မည်

**အန်ကာရာ စက်တင်ဘာ ၈**

တူကီယဲနိုင်ငံသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) နှင့် ဆက်ဆံရေးများကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း တူကီယဲသမ္မတ ရီဆက်တေရစ် အာဒိုဂန်က ယမန်နေ့က ပြောကြားခဲ့သည်။

ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်နေသည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် မကြာသေးမီနှစ်များအတွင်း မိမိတို့နှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်လာခဲ့သည့် ဒေသတွင်း အဖွဲ့အစည်းများမှတစ်ခုဖြစ်သည်ဟု အာဒိုဂန်က ပြောကြားခဲ့ကြောင်း တူကီယဲသမ္မတရုံးက ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီး ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

SCO အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့လူဦးရေနှင့် ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ကို ကိုယ်စားပြုနေကြကြောင်း အာဒိုဂန်က ထောက်ပြခဲ့ပြီး အဖွဲ့အစည်းတွင် အလားအလာများစွာ ရှိကြောင်း ပြောဆိုခဲ့သည်။

ထို့အပြင် စက်တင်ဘာ ၁ ရက်က ကာဂျစ္စတန်နိုင်ငံ မြို့တော် ဘိရှ်ကက်ခ်တွင် ကျင်းပခဲ့သည့် “SCO Plus” အစည်းအဝေး၌ SCO အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှု တိုးမြှင့်ရန် တူကီယဲနိုင်ငံ၏ သန္နိဋ္ဌာန်ကို ထပ်မံအတည်ပြုခဲ့ကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးစနစ်တွင် နိုင်ငံအများအပြား ပါဝင်သည့် ဘက်စုံစနစ် (multipolarity) ဖြစ်ပေါ်လာရေးအတွက် SCO ၏ ပံ့ပိုးကူညီမှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

## နီပေါတွင် ရေကြီးမှုကြောင့် ပျောက်ဆုံးနေသည့် ရေအားလျှပ်စစ်လုပ်သားများကို အပူတပြင်း ရှာဖွေကယ်ဆယ်

**ခတ္တမန္ဒူ စက်တင်ဘာ ၈**

နီပေါ-တရုတ်နယ်စပ်တစ်လျှောက် ဩဂုတ် ၂၆ ရက်က ပြင်းထန်သော ရုတ်တရက်ရေကြီးမှုများ ဖြစ်ပွားပြီးနောက် နီပေါနိုင်ငံတွင် ပျောက်ဆုံးနေသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်သား ရာနှင့်ချီကို ကယ်ဆယ်ရေးအဖွဲ့များက အပူတပြင်းရှာဖွေနေကြသည်။ လုပ်သား ၁၂၀ ခန့်သည် ဥမင်လမ်းများအတွင်း ပိတ်မိနေဆဲဖြစ်ကြောင်း နီပေါတပ်ဖွဲ့ဝင်များက ပြောသည်။

ရေအားလျှပ်စစ်စက်ရုံနှင့် စီမံကိန်း ၁၁ ခုမှ လုပ်သား ၉၀၀ ခန့် ပျောက်ဆုံးနေပြီး ဥမင်လမ်းများအတွင်းမှ လူသုံးဦးကိုလည်း အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲမှုကြောင့် လေဆိပ်ပိတ်ခဲ့ရသဖြင့် ခရီးသည် သုံးသိန်းခွဲနီးပါး ထိခိုက်ခဲ့

**ဂျကာတာ စက်တင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံတွင် Anak Krakatau မီးတောင်ပေါက်ကွဲမှုမှ မီးတောင်ပြာများ လွင့်စဉ်မှုဖြစ်ပွားပြီးနောက် လေဆိပ်များကို ပိတ်ထားခဲ့ရာ မြို့တော်ဂျကာတာရှိ Soekarno-Hatta အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အခြားလေဆိပ်လေးခု၌ ယခုအခါ လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်နေပြီဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၈ ရက်တွင် ပြောသည်။

လေဆိပ်များပိတ်ထားစဉ် လေဆိပ်များ၌ လေယာဉ်စုစုပေါင်း ၁၇၈ စင်းရှိနေခဲ့ပြီး ပျံသန်းနိုင်စွမ်းနှင့် ဘေးကင်းမှုရှိ၊ မရှိ စစ်ဆေးရန် လိုအပ်သောကြောင့် အချို့လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်နိုင်ရန် အချိန်အနည်းငယ်ကြန့်ကြာနိုင်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒူဒီပူဝါဂန်ဒီက ပြောသည်။

အခြေခံအဆောက်အအုံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးဌာန၏ စက်တင်ဘာ ၇ ရက် ထုတ်ပြန်ချက်တွင် လေဆိပ်ပိတ်ပင်မှုကြောင့် လေယာဉ်ခရီးစဉ် ၂၉၆၁ ခုထက်မနည်း နှောင့်နှေးခြင်း၊ လမ်းကြောင်းပြောင်းလဲခြင်းနှင့် ဖျက်သိမ်းခြင်းတို့ပြုလုပ်ခဲ့ရပြီး ခရီးသည်ပေါင်း ၃၄၁၀၀၀ ထက်မနည်း ထိခိုက်မှုရှိခဲ့ကြောင်း ဖော်ပြထားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် လေဆိပ်ရှစ်ခုအထိ ပိတ်ထားခဲ့ရကြောင်း၊ Anak Krakatau မီးတောင်သည် စက်တင်ဘာ ၄ ရက်မှစတင်ကာ ပေါက်ကွဲမှုများဖြစ်ပွားလျက်ရှိပြီး စက်တင်ဘာ ၆ ရက်တွင် ပိုမိုပြင်းထန်သော ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်းနှင့် စက်တင်ဘာ ၈ ရက်တွင် မီးတောင်ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## Renoir ပြတိုက်မှ ယူရို ကိုးသန်းတန်ဖိုးရှိ အနုပညာလက်ရာ သုံးခု ခိုးယူခံရ

**ပါရီ စက်တင်ဘာ ၈**

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း အက်ပ်-မာရီတိုင်းမ်ခရိုင် ကက်ဂ်နက်ဆာမာမြို့ရှိ Renoir ပြတိုက်မှ အနုပညာလက်ရာသုံးခုကို စက်တင်ဘာ ၈ ရက် နံနက်အစောပိုင်းတွင် ခိုးယူခံခဲ့ရကြောင်း ပြင်သစ်နေ့စဉ်သတင်းစာ Le Monde က ဖော်ပြသည်။

ကက်ဂ်နက်ဆာမာမြို့တော်ဝန် ဘရိုင်ယန်မက်ဆန်၏ ပြောကြားချက်အရ ခိုးယူသူနှစ်ဦးကို မြို့၏ လုံခြုံရေးစောင့်ကြည့်ကင်မရာများမှတစ်ဆင့် တွေ့ရှိခဲ့သော်လည်း ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။ ခိုးယူသူများသည် ပြတိုက်အတွင်းမှ အနုပညာလက်ရာ လေးခုကို ယူဆောင် သွားခဲ့သော်လည်း ထွက်ပြေးစဉ် လက်ရာတစ်ခုကို လမ်းတွင် ပစ်ချခဲ့ကြောင်း မြို့တော်ဝန် မက်ဆန်က ပြောသည်။

ခိုးယူခံရသည့် အနုပညာလက်ရာများ၏ စုစုပေါင်းတန်ဖိုးမှာ ယူရို ကိုးသန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၅ သန်းခန့်) ရှိမည်ဟု ၎င်း၏ရုံးက ခန့်မှန်းထားကြောင်း မက်ဆန်က ပြောသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြင်သစ်တရားရေးရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုကို လွှဲပြောင်းတာဝန်ယူထားသည်။

အဆိုပါပြတိုက်ကို ၁၉၆၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နာမည်ကျော် ပြင်သစ်အမြင်အာရုံ အစွဲပြုရေးဆွဲထားသော Impressionist ပန်းချီဆရာ ပီယာ-အော်ဂတ်စ်တ် Renoir ၏ နောက်ဆုံးနေအိမ်နှင့် အိမ်ခြံမြေဝင်းအတွင်း တည်ရှိသည်။ ပြတိုက်တွင် Renoir ကိုယ်တိုင်ရေးဆွဲခဲ့သည့် မူရင်းပန်းချီကား ၁၂ ကားခန့်အပြင် ၎င်း၏ပရိဘောဂများ၊ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ပုံများနှင့် မှတ်တမ်းမှတ်ရာများကိုလည်း စုဆောင်းပြသထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတွင် နယ်စပ်ဖြတ်ကျော်မှုလွယ်ကူရေး တောင်ဆူဒန်နှင့် ယူဂန်ဒါ သဘောတူ

**ဂျူဘား စက်တင်ဘာ ၈**

တောင်ဆူဒန်နှင့် ယူဂန်ဒါနိုင်ငံတို့သည် နှစ်နိုင်ငံနယ်စပ်ကိုဖြတ်ကျော်ကာ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာယာဉ်များနှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ လွယ်ကူလျင်မြန်စွာ ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန် သဘောတူခဲ့ကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော် ရောဂါဖြစ်ပွားမှု စောင့်ကြည့်ရန်၊ ရောဂါဖြစ်ပွားမှုကို ပူးပေါင်းတုံ့ပြန်ဆောင်ရွက်ရန်နှင့် ဒေသတွင်း ကူးစက်ရောဂါဖြစ်ပွားမှုဘေးအန္တရာယ်ကို လျှော့ချနိုင်ရန်ရည်ရွယ်သည့် အဆိုပါသဘောတူညီချက်ကို တောင်ဆူဒန်နိုင်ငံ၏ မြို့တော်ဂျူဘားတွင် နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။

တောင်ဆူဒန်အစိုးရသည် ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများကို အထောက်အကူပြုရန် အတားအဆီးမရှိ နယ်စပ်ဖြတ်ကျော် ဆောင်ရွက်နိုင်ရေးအတွက် အရေးပေါ်ဝန်ထမ်းများအား ယာယီဗီဇာနှင့်အလုပ်လုပ်ခွင့်ပါမစ် လျှောက်ထားရမည့် လုပ်ငန်းစဉ်များမှ ကင်းလွတ်ခွင့်ပြုနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်သည်။

သဘောတူညီချက်အရ တောင်ဆူဒန်နှင့် ယူဂန်ဒါနိုင်ငံတို့သည် ကူးစက်ရောဂါဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဖလှယ်ခြင်း၊ ရောဂါကူးစက်ဖြစ်ပွားမှု သတိပေးချက်များကို အပြန်အလှန်ထုတ်ပြန်ခြင်း၊ ရောဂါကူးစက်ခံရသူများနှင့် ထိတွေ့သူများကို ပူးပေါင်းရှာဖွေဖော်ထုတ်ခြင်း၊ နယ်စပ်ဝင်ပေါက်စစ်ဆေးရေးလုပ်ငန်းစဉ်များကို စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ စေလွှတ်ရေးကို ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ အီဝါတေးခရိုင်၌ အီဒိုခေတ်တွင် စတင်ခဲ့သည့် ရိုးရာနွားတိုက်ပွဲ ကျင်းပ

**တိုကျို စက်တင်ဘာ ၈**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ အီဝါတေးခရိုင်တွင် အီဒိုခေတ်ကတည်းက စတင်ခဲ့သည့် ရိုးရာနွားတိုက်ပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ ကူဂျီမြို့တွင် ကျင်းပသည့် ဟီရာနီဝါ နွားတိုက်ပွဲပြိုင်ပွဲသည် တိုဟိုကူဒေသတွင် တစ်ခုတည်းသော ရိုးရာနွားတိုက်ပွဲဖြစ်ပြီး နှစ်စဉ် နွေဦးရာသီမှ ဆောင်းဦးရာသီအတွင်း ကျင်းပလေ့ရှိသည်။

အဆိုပါ နွားတိုက်ပွဲသည် လွန်ခဲ့သည့် ရာစုနှစ်များက ဆားသယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် နွားများကို အချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်စေရာမှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၆ ရက်က ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် အသက် နှစ်နှစ်မှ ၁၂ နှစ်အထိရှိသည့် နွားများပါဝင်ကာ ၁၃ ကြိမ် ယှဉ်ပြိုင်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

❑ *ကျောဖုံးမှ*

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိတ်ဆွေပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲ အခမ်းအနားကို မွန်းလွဲ ၃ နာရီမှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV–4 HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ယနေ့တွင် အုပ်စု (A) ပွဲစဉ်အဖြစ် အင်ဒိုနီးရှားကလပ် Black Steel Papua FC အသင်းက မြန်မာကလပ် YCDC Dream Team အသင်းကို ခြောက်ဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို Black Steel Papua FC အသင်းမှ ဟိုလီပူးလ်စက်တီနပ်စ်က ရရှိခဲ့သည်။ အခြားပွဲစဉ်တစ်ပွဲတွင် မြန်မာကလပ် TG United အသင်းက ကမ္ဘောဒီးယားကလပ် Lucky FC အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို TG United FC အသင်းမှ နန္ဒစည်သူက ရရှိခဲ့သည်။

အုပ်စု (B) ပွဲစဉ်တွင် မြန်မာကလပ် YRG FC က ထိုင်းကလပ် Black Pearl Academy အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို YRG FC အသင်းမှ ရဲရင့် Nathan က ရရှိခဲ့သည်။ နောက်ပွဲစဉ်တစ်ပွဲတွင် မြန်မာကလပ်များဖြစ်သည့် MIU FC အသင်းက M2K FC အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို MIU FC အသင်းမှ ဆက်ဝေယံက ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**

❁ *ကျောဖုံးမှ*

အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြသည်။

ထို့ပြင် သစ္စာအားမာန်နှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ဇယားထိပ်ဆုံးမှ ISPE အသင်းနှင့် ရှေဝတီယူနိုက်တက်အသင်း၊ Chinland အသင်းနှင့် မြဝတီအသင်း၊ စစ်ကိုင်းယူနိုက်တက်နှင့် ရန်ကုန်စီးတီးအသင်းတို့ အမှတ်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

**နေမျိုး**

❍ *ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စက်ရုံကျေးရွာနေ မထက်ထက်ဖြိုး(၂၈)နှစ်သည် ဈေးကုန်းကျေးရွာရှိ ဆင်သေဈေးသို့ ၎င်းပိုင် ၄၆ယ/၇၃၄၂ Honda Wave – 100 ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ပြီး ဆိုင်ကယ်အားဈေးအနီးရပ်တန့်၍ ဈေးဝယ်သွားခဲ့ပြီးပြန်လာစဉ် ဆိုင်ကယ်ပျောက်ဆုံးခဲ့ကြောင်း သတင်းအရ ဆိုင်ကယ်ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ပျဉ်းမနားမြို့မရဲစခန်း၌ (ပ) ၁၄၅/ ၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉ (မော်တော်ဆိုင်ကယ်) ဖြင့် အမှုရေးဖွင့်စုံစမ်းခဲ့သည်။

တရားခံ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက် ညပိုင်းတွင် ဆိုင်ကယ်ခိုးယူသူ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာနေ လမင်းဇော်(၂၂)နှစ်နှင့် ဥယျာဉ်စုရပ်ကွက်နေ ဇင်ရဲထွန်း(ခ)ရဲထွန်း (၂၆) နှစ်တို့ နှစ်ဦးကို ၎င်းတို့၏နေအိမ်များ၌ ဖမ်းဆီးရမိပြီး အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်းရှိ မရှိစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၂၆ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း၌ ပျဉ်းမနားမြို့နယ်မှ ဆိုင်ကယ် ၁၃ စီး၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များမှ ဆိုင်ကယ် ခြောက်စီး စုစုပေါင်း ဆိုင်ကယ် ၁၉ စီးတို့အား ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး သက်သေခံဆိုင်ကယ် ၁၉ စီးကို သိမ်းဆည်းနိုင်ခဲ့သည်။

ဖြစ်စဉ်တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဆိုင်ကယ်များ လိုက်လံခိုးယူသူ တရားခံ လမင်းဇော်နှင့် ဇင်ရဲထွန်း (ခ)ရဲထွန်းတို့ နှစ်ဦးအား ခိုးမှုကျူးလွန်ရာမှရရှိသည့် သက်သေခံ ဆိုင်ကယ်၁၉ စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့ခိုးမှုကျူးလွန်ခဲ့သည့် သက်ဆိုင်ရာနယ်မြေရဲစခန်းအသီးသီး၌ အမှုပေါင်း ၁၆ မှုဖြင့် အမှုရေးဖွင့်ထားရှိပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

ကျရောက်နေသည့် ဧရိယာအကျယ်အဝန်းဧက ၄၂၀၃၀ ရှိသောနယ်မြေကို **"ကာလိ(၁)ကြိုးပြင်ကာကွယ်တော"** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုကောင်းမွန် မျှတလာစေရန်၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိပြီး အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေများတွင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းလာနိုင်ခြင်းဖြင့် သစ်တောနယ်မြေများ တိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ကာလိ(၁) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ သစ်ရာ၊ ထောက်ကြံ့၊ သစ်စေး၊ ဆီးဖြူ၊ ဖန်ခါး၊ သစ်ယား၊ သစ်မကြီး၊ ရင်းတိုက်၊ ရင်းစပ်၊ လက်ပံပင်များ ပေါက်ရောက်ပြီး၊ ဝါးပိုးဝါး၊ မြင်ဝါး၊ သိုက်ဝါးများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ ချေ၊ တောကြောင်၊ ကြက်တူရွေး၊ မျိုးငှက်များ၏ နေရင်းဒေသများထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ချပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

▲ *ကျောဖုံးမှ*

ရိဘာကီနာနှင့် အိုဆာကာတို့သည် ဩဂုတ်လက ကျင်းပခဲ့သည့် နေရှင်ဘဏ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အနီးစပ်ဆုံးတွေ့ဆုံထားပြီး ရိဘာကီနာကပင် အကြိတ်အနယ်ယှဉ်ပြိုင်ကာ ၄-၆၊ ၇-၆ (၇-၅)၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည် ယူအက်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် တရုတ်နာမည်ကြီး တင်းနစ်မယ် ချင်ဝမ်ကျန်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ချင်ဝမ်ကျန်းသည် ၁၆ ဦးအဆင့်တွင် လက်ရှိကမ္ဘာ့အဆင့် (၅) တွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် အီဂါရှီယွန်တက်ခ်ကို အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ်တက်လှမ်းလာသူ ဖြစ်သည်။

ရိဘာကီနာသည် ယခုနှစ်အစောပိုင်းက ကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် ဆာဘာလင်ကာကို အနိုင်ယူပြီး ဖလားဆွတ်ခူးရရှိထားသည်။ ရိဘာကီနာနှင့်အတူ ယခုနှစ် ယူအက်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ကမ္ဘာ့အဆင့် (၁) ဆာဘာလင်ကာ၊ ပီဂူလာ၊ နာဗာရို၊ အန်ဒရေဗာ၊ ကိုကိုဂေါ့ဖ်တို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

သန်းပိုင်က ဒုတိယဦးဆောင် ဂိုးထပ်မံသွင်းယူခဲ့သည်။

ထို့နောက် လာအိုကလပ် Ezra FC အသင်းက ချေပဂိုးရရှိရေးဖိအားပေးကြိုးစားလာခဲ့ရာ ပွဲချိန် ၈၁ မိနစ်တွင် ဖော့သဝေါင် က ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရလဒ်ကို ထိန်းသိမ်းသွားနိုင်ခဲ့သည်။

ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် ရန်ကုန်ယူနိုက်တက်အသင်းသည် အုပ်စု(D)တွင် ပါဝင်နိုင်ခဲ့ပြီး အင်ဒိုနီးရှားကလပ် ဘော်နီယို၊ ဖိလစ်ပိုင်ကလပ် ဝမ်းတက်ဂူး၊ တရုတ် (တိုင်ပေ) ကလပ် တိုင်နန်စီးတီးတို့နှင့်အတူ အုပ်စုအဆင့် ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အလားတူ အုပ်စုအဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့် ရရှိထားပြီးဖြစ်သည့် မြန်မာလိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ACGL ပြိုင်ပွဲ၏ အုပ်စု(E) တွင် ဖိလစ်ပိုင်ကလပ် Manila Digger၊ တရုတ် (တိုင်ပေ)ကလပ် New Taipei Hang Yuan ၊ ခြေစစ်ပွဲ အောင်မြင်လာမည့် အသင်း (Winner Play–off East 1.4) တို့နှင့်အတူ ကျရောက်နေသည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

## ထားဝယ်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**ထားဝယ် စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက လူငယ်နှင့်အောင်မြင်မှု၊ လူငယ်နှင့်ရည်မှန်းချက်ပန်းတိုင်၊ လူငယ်နှင့် ခေါင်းဆောင်မှု၊ လူငယ်နှင့် စာဖတ်ခြင်း စသည့် ခေါင်းစဉ်များဖြင့် အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတရသ စာအုပ်စာစောင်များ၊ အသိပညာပေး ပိုစတာများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။

# မြို့ပြရေပေးဝေရေး၊ ရေသန့်စင်ခြင်း နည်းပညာများနှင့် ကလိုရင်း၏ အရေးပါမှု

**ဝေဖြိုးအောင်**

*(ယမန်နေ့မှ အဆက်)*

လုပ်ဆောင်ပုံယန္တရားမှာ ကလိုရင်းသည် ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ၏ အပြင်ဘက်ဆဲလ်နံရံများကို ထိုးဖောက်ဝင်ရောက်နိုင်စွမ်း ရှိပါသည်။

အထူးသဖြင့် HOCl သည် လျှပ်စစ်ဓာတ်မဲ့ဖြစ်သောကြောင့် ဗက်တီးရီးယားဆဲလ်များအတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။ ဆဲလ်အတွင်းသို့ ရောက်ရှိသွားသောအခါ ကလိုရင်းသည် ရောဂါပိုးများ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သော အင်ဇိုင်းများနှင့် ပရိုတင်းများကို ဓာတ်တိုးစေပြီး ပျက်စီးစေပါသည်။ ဗိုင်းရပ်စ်များ၏ မျိုးဗီဇဖွဲ့စည်းပုံများကို ဖျက်ဆီးပစ်ခြင်းဖြင့် ယင်းတို့ ပွားများခြင်းကို တားဆီးပေးပါသည်။

ကလိုရင်း၏ ထိရောက်မှုသည် ရေ၏ အချဉ်အငန်ဓာတ်အပေါ်တွင် များစွာမူတည်ပါသည်။ pH ၆ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်းရှိသော ရေတွင် ကလိုရင်းသည် အထိရောက်ဆုံး အလုပ်လုပ်နိုင်ပါသည်။ အကယ်၍ ရေသည် အယ်လ်ကာလိုင်း (pH မြင့်မားခြင်း) ဖြစ်နေပါက ပိုးသတ်နိုင်စွမ်း ကျဆင်းသွားတတ်ပါသည်။


**ကလိုရင်းအသုံးပြုခြင်း၏ အားသာချက်များ**

ကလိုရင်းဖြင့် ရေသန့်စင်ခြင်းကို ကမ္ဘာတစ်ဝန်းရှိ တာဝန်ရှိအဖွဲ့အစည်းများက အကျယ်တဝင့် အသုံးပြုနေရခြင်းမှာ အောက်ပါအားသာချက်များကြောင့် ဖြစ်ပါသည်-

**အကြွင်းအကျန်အာနိသင်**

ကလိုရင်း၏ အကြီးမားဆုံး အားသာချက်မှာ ရေသန့်စင်စက်ရုံမှ ပို့လွှတ်ပြီးနောက် ပိုက်လိုင်းများတစ်လျှောက် အိမ်တိုင်ရာရောက်သည်အထိ ရေထဲတွင် ဆက်လက်တည်ရှိနေခြင်း ဖြစ်ပါသည်။ ဤအချက်သည် ပိုက်လိုင်းများ ပေါက်ပြဲခြင်း သို့မဟုတ် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ရေထဲသို့ရောဂါပိုးများ ပြန်လည်ဝင်ရောက်လာပါက ချက်ချင်းသေစေနိုင်စွမ်းရှိပါသည်။ ခရမ်းလွန်ရောင်ခြည်နှင့် အိုဇုန်းစနစ်များတွင် ဤအကြွင်းအကျန် အာနိသင်မရှိပါ။

ကလိုရင်းသည် ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်၊ ဝမ်းကိုက်ရောဂါ အစရှိသည့် ရောဂါများကို ဖြစ်စေသော ဗက်တီးရီးယားများနှင့် ဗိုင်းရပ်စ်အမျိုးအစားအများစုကို ထိရောက်စွာ သေစေနိုင်စွမ်း ရှိပါသည်။ အခြားသော ခေတ်မီရေသန့်စင်ခြင်း နည်းပညာများနှင့် နှိုင်းယှဉ်ပါက ကလိုရင်းဓာတ်ငွေ့ သို့မဟုတ် အရည်အသုံးပြုခြင်းသည် ကနဦးတည်ဆောက်မှု ကုန်ကျစရိတ်နှင့် ရေရှည်လည်ပတ်မှု ကုန်ကျစရိတ်ပါ များစွာသက်သာပါသည်။ ထို့ကြောင့် ဘတ်ဂျက်အကန့်အသတ်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့ပြစီမံကိန်းများအတွက် အသင့်တော်ဆုံး ဖြစ်ပါသည်။ ကလိုရင်းစနစ်များကို ရွာငယ်လေးများအတွက် ရေသန့်စင်စနစ် အသေးစားများမှသည် လူဦးရေသန်းနှင့်ချီနေထိုင်သော မြို့ကြီးပြကြီးများ၏ ရေသန့်စင်စက်ရုံကြီးများအထိ အရွယ်အစား အမျိုးမျိုးဖြင့် အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်ပါသည်။




စမတ်စီးတီး ရေပေးဝေရေးကွန်ရက်နှင့် IoT အာရုံခံစနစ် တပ်ဆင်ထားမှုပုံ။

**အားနည်းချက်နှင့် ဘေးထွက်ဆိုးကျိုးများ**

ကလိုရင်းသည် ရေသန့်စင်ရေးတွင် မရှိမဖြစ် အရေးပါသော်လည်း ၎င်း၏ အားနည်းချက်များနှင့် နောက်ဆက်တွဲပြဿနာများလည်း ရှိပါသည်။ ကလိုရင်း၏ အကြီးမားဆုံးသောပြဿနာမှာ ရေထဲတွင် သဘာဝအလျောက် ပါဝင်နေသော သစ်ရွက်ဆွေးများ၊ ရေညှိများမှထွက်ပေါ်လာသည့် အော်ဂဲနစ်ပစ္စည်းများနှင့်ဓာတ်ပြုပြီး Disinfection By-Products (DBPs) ဟုခေါ်သော ဘေးထွက်ဒြပ်ပေါင်းများ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အထူးသဖြင့် Trihalomethanes (THMs) နှင့် Haloacetic acids (HAAs) တို့ ဖြစ်ကြပါသည်။ ဤဒြပ်ပေါင်းများကို ရေရှည်သောက်သုံးမိပါက ကျန်းမာရေးဆိုးကျိုးအနည်းငယ်ရှိနိုင်ကြောင်း သုတေသနများက ဖော်ပြထားပါသည်။

> **မြို့ပြရေပေးဝေရေးစနစ်များတွင် ကလိုရင်းဖြင့် ရေသန့်စင်ခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ ကျယ်ပြန့်သော ပိုးသတ်နိုင်စွမ်းရှိခြင်းနှင့် အကြွင်းအကျန် အာနိသင်ဖြင့် ပိုက်လိုင်းတစ်လျှောက် ကာကွယ်ပေးနိုင်ခြင်းတို့ကြောင့် အစားထိုး၍ မရနိုင်သေးသော အရေးပါသည့် နည်းပညာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမည် ဖြစ်ပါသည်။ သို့သော်လည်း အားနည်းချက်များကို အသိအမှတ်ပြုပြီး အခြားသော ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုခြင်း၊ စမတ်စီးတီးနည်းပညာများဖြင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းချုပ်ခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန် အထူးလိုအပ်**

ကလိုရင်းသည် ဗက်တီးရီးယားများကို ထိရောက်စွာ နှိမ်နင်းနိုင်သော်လည်း Cryptosporidium နှင့် Giardia ကဲ့သို့သော ကပ်ပါးကောင်များ၏ ဥများကို သေစေရန်မှု အလွန်ခက်ခဲပါသည်။ ထိုကပ်ပါးကောင်များကို ဖယ်ရှားရန်အတွက် အဆင့်မြင့်ရေစစ်စနစ်များ သို့မဟုတ် ခရမ်းလွန်ရောင်ခြည်အသုံးပြုခြင်းများ လိုအပ်ပါသည်။

ရေထဲတွင် ကလိုရင်းပါဝင်မှု များပြားလွန်းပါက သောက်သုံးရေတွင် ဆေးရုံအနံ့ သို့မဟုတ် ဓာတုဆေးအနံ့များ ထွက်ပေါ်လာတတ်ပြီး သုံးစွဲသူပြည်သူလူထု၏ မကျေနပ်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသည်မှာ အမြဲတမ်းကြုံတွေ့ရလေ့ရှိသော ပြဿနာတစ်ခု ဖြစ်ပါသည်။ ကလိုရင်းဓာတ်ငွေ့သည် အလွန်အဆိပ်ပြင်းသောကြောင့် သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးတို့တွင် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ ယိုစိမ့်မှုဖြစ်ပွားပါက စက်ရုံဝန်ထမ်းများနှင့် အနီးနားရှိ ပြည်သူများကို အသက်အန္တရာယ်ပေးနိုင်ပါသည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံချိန်စံညွှန်းများ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)သည် သောက်သုံးရေတွင် ပါဝင်သင့်သော ကလိုရင်းပမာဏနှင့် ပတ်သက်၍ တိကျသော လမ်းညွှန်ချက်များကို ချမှတ်ထားပါသည်။ သောက်သုံးရေ လုံခြုံရေးအတွက် ပိုက်လိုင်းကွန်ရက်၏ အဆုံးစွန်ဆုံးနေရာတွင် အနည်းဆုံး အကြွင်းအကျန် ကလိုရင်း သုည ဒသမ ၂ မီလီဂရမ်/လီတာ ပါဝင်ရန်လိုအပ်ကြောင်း WHO က သတ်မှတ်ထားပါသည်။

တစ်ပြိုင်တည်းမှာပင် သုံးစွဲသူများ၏ ကျန်းမာရေးကို မထိခိုက်စေရန်နှင့် အနံ့အရသာ မပျက်စီးစေရန်အတွက် အမြင့်ဆုံး ပါဝင်နိုင်သည့် ပမာဏကို ၅ ဒသမ ၀ မီလီဂရမ် /လီတာအဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် ရေသန့်စင်စက်ရုံများတွင် ကလိုရင်းထည့်သွင်းရာ၌ အလိုအလျောက် တိုင်းတာစစ်ဆေးသည့်စနစ်များကို အသုံးပြု၍ အဆိုပါ 0.2 မှ 5.0 mg/L အတွင်း အမြဲရှိနေစေရန် ထိန်းသိမ်းရမည်ဖြစ်ပါသည်။

**အခြားသော ရေသန့်စင်ခြင်းနည်းလမ်းများ**

ခေတ်မီမြို့ပြ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကလိုရင်း၏ အားနည်းချက်များကို ကျော်လွှားနိုင်ရန် အခြားသော အဆင့်မြင့်ရေသန့်စင်နည်းပညာများကိုလည်း တွဲဖက်အသုံးပြုလာကြပါသည်။

**အိုဇုန်းဖြင့် သန့်စင်ခြင်း**

အိုဇုန်းဓာတ်ငွေ့ ($O_3$) သည် ကလိုရင်းထက် ပိုးသတ်နိုင်စွမ်း ပိုမိုမြန်ဆန်ပြီး ထိရောက်မှု အားကောင်းပါသည်။ ကလိုရင်းကဲ့သို့ အနံ့အသက်ဆိုးများ မကျန်ရစ်စေသည့်အပြင် DBPs ဖြစ်ပေါ်မှုကိုလည်း လျှော့ချပေးပါသည်။ သို့သော် လျှပ်စစ်စွမ်းအင် အမြောက်အမြားလိုအပ်ပြီး ကုန်ကျစရိတ် အလွန်ကြီးမားပါသည်။ ထို့ပြင် အကြွင်းအကျန် အာနိသင် မရှိသောကြောင့် ပိုက်လိုင်းများအတွင်း ရောဂါပိုး ပြန်လည်ဝင်ရောက်မှုကို မတားဆီးနိုင်ပါ။ ထို့ကြောင့် အိုဇုန်းဖြင့် သန့်စင်ပြီးနောက် ကလိုရင်း အနည်းငယ်ကို ဒုတိယအဆင့်အနေဖြင့် ထည့်သွင်းလေ့ရှိကြပါသည်။

**ခရမ်းလွန်ရောင်ခြည် အသုံးပြုခြင်း**

ရေကို UV မီးချောင်းများအောက်မှ ဖြတ်သန်းစေခြင်းဖြင့် ရောဂါပိုးများ၏ DNA ကို ဖျက်ဆီးပစ်သော နည်းလမ်းဖြစ်ပါသည်။ ဓာတုပစ္စည်း လုံးဝ အသုံးမပြုသောကြောင့် ဘေးထွက်ဆိုးကျိုး ဒြပ်ပေါင်းများ လုံးဝမဖြစ်ပေါ်ပါ။ Cryptosporidium ကဲ့သို့သော ကလိုရင်းခံနိုင်ရည်ရှိသည့် ကပ်ပါးကောင်များကို ထိရောက်စွာ သေစေနိုင်ပါသည်။ အားနည်းချက်မှာ ရေသည် အလွန်ကြည်လင်နေရန် လိုအပ်ပြီး အကြွင်းအကျန်အာနိသင် မရှိခြင်းပင် ဖြစ်ပါသည်။

**ပြောင်းပြန်ရေစစ်စနစ်**

အလွန်သေးငယ်သော အမြှေးပါးကို အသုံးပြု၍ ရေထဲရှိ ဓာတ်ဆားများ၊ ပိုးမွှားများနှင့် ဓာတုပစ္စည်း အားလုံးနီးပါးကို ဖယ်ရှားပေးသော စနစ်ဖြစ်ပါသည်။ ဤစနစ်သည် ရေကို အသန့်စင်ဆုံး အခြေအနေသို့ ရောက်ရှိစေသော်လည်း ရေလေလွင့်မှုများပြားခြင်းနှင့် လည်ပတ်မှုကုန်ကျစရိတ် အလွန်ကြီးမားခြင်းတို့ကြောင့် မြို့ပြရေပေးဝေရေး တစ်ခုလုံးအတွက် အသုံးပြုရန်ခက်ခဲပြီး သီးသန့်သောက်ရေသန့်ထုတ် လုပ်ငန်းများတွင်သာ အများဆုံးအသုံးပြုကြပါသည်။

**ခေတ်သစ် စမတ်စီးတီးစနစ်များ**

ယနေ့ခေတ် စမတ်စီးတီးစီမံကိန်းများတွင် မြို့ပြရေပေးဝေရေးစနစ်များကို အင်တာနက်ကွန်ရက်များနှင့်ချိတ်ဆက်ကာ စီမံခန့်ခွဲလာကြပြီဖြစ်ပါသည်။ (IoT – Internet of Things) နည်းပညာကိုအသုံးပြု၍ ပိုက်လိုင်းကွန်ရက်တစ်လျှောက်တွင် အာရုံခံကိရိယာများ တပ်ဆင်ထားခြင်းဖြင့် ရေထဲတွင်ကျန်ရှိနေသော ကလိုရင်းပမာဏ၊ ရေ၏ နောက်ကျိမှု၊ အချဉ်အငန်ဓာတ်နှင့် ရေဖိအားတို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်တိုင်းတာနိုင်ပြီဖြစ်ပါသည်။

ဤကဲ့သို့ စောင့်ကြည့်နိုင်ခြင်းကြောင့် ရေအရည်အသွေး ကျဆင်းသွားပါက သို့မဟုတ် ကလိုရင်းပမာဏနည်းပါးသွားပါက ကွန်ပျူတာစနစ်မှတစ်ဆင့် ချက်ချင်းသိရှိနိုင်ပြီး လိုအပ်သောနေရာများတွင် အလိုအလျောက် ကလိုရင်းထပ်မံဖြည့်တင်းပေးသည့်စနစ်များကို အသုံးပြုလာနိုင်ပါသည်။ ဤသည်မှာသက်ဆိုင်ရာ အဖွဲ့အစည်းများအတွက် ပြည်သူလူထုအား ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ အမြဲတမ်းပေးဝေနိုင်ရေးအတွက် အလွန်အရေးပါသော နည်းပညာတိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မြို့ပြရေပေးဝေရေးစနစ်များတွင် ကလိုရင်းဖြင့် ရေသန့်စင်ခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ ကျယ်ပြန့်သော ပိုးသတ်နိုင်စွမ်းရှိခြင်းနှင့် အကြွင်းအကျန် အာနိသင်ဖြင့် ပိုက်လိုင်းတစ်လျှောက် ကာကွယ်ပေးနိုင်ခြင်းတို့ကြောင့် အစားထိုး၍ မရနိုင်သေးသော အရေးပါသည့် နည်းပညာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်ပါသည်။ သို့သော်လည်း အားနည်းချက်များကို အသိအမှတ်ပြုပြီး အခြားသော ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုခြင်း၊ စမတ်စီးတီးနည်းပညာများဖြင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းချုပ်ခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန် အထူးလိုအပ်လှပါကြောင်း တင်ပြအပ်ပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**

၁။ World Health Organization (WHO), "Guidelines for Drinking–water Quality: Fourth Edition Incorporating the First Addendum".

၂။ Centers for Disease Control and Prevention (CDC), "Water Disinfection with Chlorine and Chloramine".

၃။ United States Environmental Protection Agency (EPA), "Stage 1 and Stage 2 Disinfectants and Disinfection Byproducts Rules".

၄။ International Journal of Environmental Research and Public Health, "Modelling chlorine residuals in drinking water: a review".

## ပုသိမ်မြို့၌ ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**ပုသိမ် စက်တင်ဘာ ၈**

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး




ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လူမှုရေးရာဝန်ကြီးတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်ဇင်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ အရန်သားဖွားဆရာမအသစ် ခြောက်လသင်တန်းဖွင့်

**ဓနုဖြူ စက်တင်ဘာ ၈**

ဓနုဖြူမြို့နယ်၌ အရန်သားဖွား ဆရာမအသစ် ခြောက်လ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဌေးက အရန်သားဖွား ဆရာမများ၏ တာဝန်ဝတ္တရားများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က အရန်သားဖွား ဆရာမအသစ်များ မွေးထုတ်ခြင်းသင်တန်းနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၉ ဦး တက်ရောက်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## မိုင်းဆတ်မြို့၌ ဘိန်းအစားထိုးသီးနှံ(ကော်ဖီ)နှစ်ရှည်ပျိုးပင် ထောက်ပံ့ပေးအပ်

**မိုင်းဆတ် စက်တင်ဘာ ၈**

မိုင်းဆတ်မြို့ မြို့နယ်စိုက်ပျိုးရေးဌာနက ကြီးမှူးကျင်းပသော ဘိန်းအစားထိုးသီးနှံ(ကော်ဖီ) နှစ်ရှည်ပျိုးပင် ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအားလွန်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက ဘိန်းအစားထိုးသီးနှံများကို တွင်တွင်ကျယ်ကျယ် တိုးချဲ့စိုက်ပျိုးပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တောင်ကုန်းတောင်တန်း ဒေသများတွင် ရွှေ့ပြောင်းတောင်ယာ စနစ်မှ မြေဆီလွှာထိန်းသိမ်းနိုင်မည့် တည်ငြိမ်သောစိုက်ပျိုးရေး စနစ် ပြောင်းလဲကျင့်သုံးလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ထောက်ပံ့ ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက လွယ်ဆောင်ကျေးရွာအုပ်စုအတွက် ကော်ဖီပျိုးပင်သုံးကေအတွက် ပျိုးပင်ပေါင်း ၃၇၅၀ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျောက်မဲမြို့၌ လမင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ပြုလုပ်ပေး

**ကျောက်မဲ စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း)



ကျောက်မဲမြို့ ခိုမုန်းကျေးရွာအုပ်စု အောင်မြေသာယာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၆ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ထမ်းဌာန ဦးစီးမှူး ဦးမင်းသူနှင့် ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များကို ယမန်နေ့က နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသန့်ဇော်ဝင်းတို့က လာရောက်ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

**သရက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU)အဖွဲ့ ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကို၊ CPU အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်လှိုင်တို့က လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းတုသတင်းမှားများနှင့် နိုင်ငံတော်အကြည်ညိုပျက်စေသည့် သတင်းများ ဖော်ပြလျှင် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မှုများနှင့် အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာနမှူးတို့က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေယံ(သရက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ပံတန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းလုပ်အားပေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၈ ရက်က လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်ကျော်လွင် ဦးစီး၍ တပ်ဖွဲ့ဝင်များက ဆေးရုံဝင်းအတွင်း ချုံနွယ်နှင့် အမှိုက်များကို စုပေါင်းရှင်းလင်းစဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက်က မြစ်ကြီးနားမြို့ ဇီးလွန်ရပ်ကွက်ရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ အမှတ် (၃၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး၊ ရဲမှူးဇော်နိုင်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ရွှေတောင်မြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့က စက်တင်ဘာ ၈ ရက်တွင် ကြာနီကန်ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စန်းနုနှင့် တပ်ဖွဲ့ဝင်များက သာသနာ့ဗိမာန်တော်ကြီးအတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။

ကိုကိုမင်း (ပြန်/ဆက်)



ဝေါမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၈ ရက်က မြစ်ကျိုးကျေးရွာရှိ သားမြင်ကုန်းစေတီနှင့် စေတီပရိဝုဏ်အတွင်းအပြင်၌ မြစ်ကျိုးတိုက်နယ်၊ မြစ်ကျိုးနယ်မြေရဲစခန်းမှူးစခန်းမှူး ရဲအုပ်သူရနိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ အာကာ(ပြန်/ဆက်)

## မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၈** – နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ထားဝယ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



**ထားဝယ် စက်တင်ဘာ ၈**

အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို ယမန်နေ့က ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမိုးအောင်က မီးဘေးကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် အရည်အသွေး ပြည့်ဝထက်မြက်အောင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော မီးသတ်ပညာရပ်များကို မီးသတ်တပ်ဖွဲ့ဝင်တိုင်း သိရှိတတ်မြောက် ထားရန်အတွက် လေ့ကျင့်ရေးကို ဦးစားပေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများကို အရန်မီးသတ်တူညီဝတ်စုံများ ပေးအပ်သည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား ၅၀ အား အောက်တိုဘာ ၂ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## လပွတ္တာမြို့နယ်၌ အခြေခံစားသောက်ကုန်များ ရောင်းချနေမှု တာဝန်ရှိသူများ ကြည့်ရှုအားပေး

**လပွတ္တာ စက်တင်ဘာ ၈**

လပွတ္တာမြို့နယ် အမှတ်(၁)ရပ်ကွက် ဈေးအနီးရှိ စည်ပင်သာယာလမ်း၌ စက်တင်ဘာ ၅ ရက်က အခြေခံစားသောက်ကုန်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။



ယင်းသို့ရောင်းချပေးခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားမှုဖြင့် လပွတ္တာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဆီလုပ်ငန်းရှင်များနှင့် ဆန်လုပ်ငန်းရှင်များအသင်း၊ စားသုံးသူ၊ စည်ပင်၊ မွေးကူဦးစီးဌာနတို့ ညှိနှိုင်းပေါင်းစပ်၍ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်ငါးအိတ်၊ ဆီ ပိဿာ ၂၂၀၊ ကြက်ဥအလုံး ၃၀၀ တို့ကို ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**သနပ်ပင် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၄)ဖွင့်ပွဲကို ယမန်နေ့က မြို့နယ်မီးသတ်စခန်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်လင်းတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ (ခေတ္တ)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝမ်းက သင်တန်းသားတူညီဝတ်စုံများ ပေးအပ်သည်။




အဆိုပါသင်တန်းသို့ သနပ်ပင်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး သင်တန်းသား ၅၀ ဖြင့် ရက်သတ္တလေးပတ်အတွင်း စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းဆင်းပွဲကျင်းပ

**မုဒုံ စက်တင်ဘာ ၈**

မွန်ပြည်နယ် မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု အဆင့်(၁)သင်တန်းပေးခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲကို ယမန်နေ့က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)ရှိ သင်တန်းဝင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူး (ကိုယ်စား)ဒုတိယပြည်နယ် ဦးစီးမှူး ဦးဆန်းထွန်းဝင်းက ယခုဖွင့်လှစ်သော သင်တန်းသည် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းပြီး ကျွမ်းကျင်လုပ်သားမွေးထုတ်ပေးရေးအစီအစဉ်အရ ရော်ဘာအစေးခြစ်



ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနေသည့် သင်တန်းဖြစ်ကြောင်း၊ အာဆီယံအသိအမှတ်ပြု စံချိန်စံညွှန်းနှင့်အညီ စစ်ဆေးအကဲဖြတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသည့် သင်တန်းသားများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

**ရာမည(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲ သတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များအား ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကျောက်တံခါးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်စောမြင့်ဇော်ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၈ ရက်တွင် ဒညင်းကုန်းကျေးရွာ ဒညင်းကုန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မျိုးမင်း(ပြန်/ဆက်)



## ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၈**

ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**လပြည့်လင်း(ပြန်/ဆက်)**



## တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ အရန်သားဖွား ခြောက်လ သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ အရန်သားဖွား ခြောက်လသင်တန်းကို အမှတ်(၁၀)ရပ်ကွက် မေတ္တာလမ်းရှိ တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာ အေးမွန်မွန်ကျော်က အရန်သားဖွားသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ယဉ်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

**တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင်**
**စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်**

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## သစ်တောဦးစီးဌာန၊ ဟသ်ာတခရိုင်မှ ပုံစံ(၈)ဝင်သစ်နှင့်ဆက်စပ်ပစ္စည်းများ လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ သစ်တောဦးစီးဌာန၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူနှင့် ဟသ်ာတမြို့နယ်တို့ရှိပုံစံ(၈)စာရင်းဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လေလံတင်ရောင်းချမည့်ရက်/ အချိန်** – ၁၇–၉–၂၀၂၆ ရက် (ကြာသပတေးနေ့)(၁၀:၀၀)နာရီ

လေလံတင်ရောင်းချမည့်နေရာ – ခရိုင်သစ်တောဦးစီးဌာနမှူးရုံး ဟသ်ာတခရိုင်၊ ဟသ်ာတမြို့

လေလံတင်ရောင်းချမည့်ပစ္စည်းများ– ကျွန်း/အခြားသစ်လုံး၊ ခွဲသား၊ တိုင်၊ မျော၊ကျွန်းလှေ စုစုပေါင်း(၆၇.၁၁၄၈)တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်း(၄)မျိုး

၂။ အသေးစိတ် သိရှိလိုသည့် အချက်အလက်များအား ခရိုင်သစ်တော ဦးစီးဌာနမှူးရုံး၊ ၀၄၄–၂၁၀၂၀နှင့် ၀၉–၇၉၄၂၉၃၄၁၇ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၉

ဦးကျော်စိုး (တရားလို) နှင့် ဒေါ်ထားထားနွဲ့ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၃) လမ်း၊ အမှတ်(၂၈၁/က)၊ ၄ လွှာနေ တရားပြိုင် ဒေါ်ထားထားနွဲ့ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်)၊ မွန်းမတည့်မီ (၁၁:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၄) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးသန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အမည်မှန်

(ဘ) ဦးမြင့်သိန်း ၏ သမီးအမည်ရင်းမှာ မမိုးပွင့်လမင်းဖြူ ၁၃/ကလတ (နိုင်)၀၄၅၀၂၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က (မဲဇလီ) Grade – 9 မှ မောင်ညီညီမင်း ၏ဖခင် ဦးသောင်းထွန်း၏ အမည်မှန်မှာ ဦးအောင်သောင်း ၈/ပဖန(နိုင်)၀၁၇၆၈၉ ဖြစ်ပါကြောင်း။

**ဦးအောင်သောင်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က (မဲဇလီ) Grade – 9မှ မသိမ့်မှူးကြည်ဖြူ၏ ဖခင် ဦးဆန်း၏ အမည်မှန်မှာ ဦးဖိုးဆန်း ၈/ပဖန (နိုင်)၀၂၆၈၈၃ ဖြစ်ပါကြောင်း။

**ဦးဖိုးဆန်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က (မဲဇလီ) Grade – 8 မှ မောင်ဘုန်းမြင့်ရွှေ၏ ဖခင် ဦးရဲထွန်း ၏ အမည်မှန်မှာ ဦးထွန်းထွန်း ၈/ပဖန(နိုင်)၁၀၈၄၉၁ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်း**

## အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျခတ်ကူကျေးရွာနေ မစုပိုပိုအောင် ၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် ဖခင်အမည်မှာ ဦးကျော်နိုင် ဖြစ်နေသောကြောင့် ကျွန်မဖခင်၏ အမည်မှန်မှာ ဦးကျော်ကျော်ခိုင် ဖြစ်ပါသည်။ ဦးကျော်နိုင် နှင့် ဦးကျော်ကျော်ခိုင် (၁၀/ပမန(နိုင်)၁၄၆၉၀၅)မှာ ကျွန်မ၏ ဖခင် တစ်ဦးတည်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မစုပိုပိုအောင်**
**၁၀/ပမန(နိုင်) ၂၇၆၅၂၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေနံချောင်းမြို့နယ်၊ အင်တောအုပ်စု၊ သနပ်ကန်ကျေးရွာမှ ၂၀၂၀ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ်–ဖမပ–၄၉၂ ဖြင့် အောင်မြင်ခဲ့သော မစမ်းသီတာ၏မိခင်မှာ ဒေါ်သင်းသင်းကြူ ၈/ရနခ(နိုင်)၁၅၁၆၇၀နှင့်တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင်ပါဝင်သော ဒေါ်မယ်သူသည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်မှာ ဦးမြင့်စိန် ၈/ရနခ(နိုင်)၀၈၅၀၅၁ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်ပါဝင်သော ဦးဖိုးတူသည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သင်းသင်းကြူ (ခ) ဒေါ်မယ်သူ**
**ဦးမြင့်စိန်(ခ) ဦးဖိုးတူ**

## စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ မြေနေရာငှားရမ်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ–မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် (၁၅)မှ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ဦးစစ်ကိုင်း ဝန်ထမ်းအိမ်ရာဝင်းရှိ မြေဧရိယာ(၀.၁၆)ဧကအား ပုဂ္ဂလိကသို့ ငှားရမ်းရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **တင်ဒါပုံစံများစတင်ရောင်းချမည့် ရက်/နေရာ** – ၁၁–၉–၂၀၂၆ရက် (သောကြာနေ့) ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** – ၃၀–၉–၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) ၁၆:၀၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** – ကြေညာပေးပါမည်။

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန ဖုန်းနံပါတ်၊ ၀၆၇၃–၄၀၈၂၀၅၊ ၀၆၇၃–၄၀၈၁၈၇ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

## ကန့်သတ်မှုမရှိသော တင်ဒါ (အိတ်ဖွင့်တင်ဒါ) ဖိတ်ခေါ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး တွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော လမ်းလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ) ဖိတ်ခေါ်လိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **လျှောက်လွှာစတင်ရောင်းချ မည့်ရက်** – ၁၀–၉–၂၀၂၆ ရက်၊ (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ

(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** – ၂၃–၉–၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်နေရာ** – ဆက်သွယ်အကြောင်းကြားပါမည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း ၀၉–၂၅၀၉၀၂၀၀၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေနံချောင်းမြို့နယ်၊ အင်တောအုပ်စု၊ သနပ်ကန်ကျေးရွာမှ ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ်–ဖမပ–၄၉၂ ဖြင့် အောင်မြင်ခဲ့သော မစမ်းသီတာနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားမှ မစန်းသီတာ ၈/ရနခ(နိုင်)၁၅၁၆၃၁ သည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မစမ်းသီတာ(ခ)မစန်းသီတာ**

## မိခင်အမည်မှန်

(ဘ) ဦးအောင်မှုတ် ၏ သမီး၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) အနင်း Grade–12 မှ မအေးပွင့်ဖြူ ၏ မိခင် ဒေါ်အေးမွန်၏ အမည်မှန်မှာ ဒေါ်အေးအေးမွန် ၁၀/သဖရ(နိုင်)၁၄၉၁၇၁ ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးမွန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၃၄၊ မြေကွက်အမှတ် ၃၀၁၊ မြေကွက်တည် နေရာအမှတ်– ၃၀၁၊ ၁၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ JC, Associated Co,Ltd ( အမှတ်–၄၅၅ / ၁၉၉၈–၁၉၉၉)၊ အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်မြေအား ဒေါ်မိုးမိုးရည် (၁၂/ဒဂရ(နိုင်) ၀၁၉၀၀၂)မှ (တရားလို)ပြုလုပ်၍ အမည်ပေါက် JC Associated Co, Ltd (ကိုယ်စား) ဒေါ်စုရည်လွင် အား(တရားပြိုင်) ထားကာ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် (၈၀/၂၀၂၅) အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်သည့် (၃၀ –၃–၂၀ ၂၆)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၅၁/၂၀၂၆) (၁၉–၅–၂၀၂၆) ရက်စွဲပါအမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံး (ကိုယ်စား) အရောင်း မြေပုံကူး လျှောက်ထားရန် ဒေါ်မြင့်မြင့်ကြည်(၁၂/ဒပန(နိုင်)၀၂၈၃၄၂)အား ဘီလစ်ခန့်အပ်ထားကြောင်း( ၁၆–၆–၂၀၂၆ ) ရက်စွဲပါဘီလစ်ခန့်စာ၊ နှစ်(၆၀) ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း (တရားနိုင်) လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ်ဒေါ်မြင့်မြင့်ကြည်မှ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ နယ်မြေ(၁၀)၊ မ(၁၀/၃)နေ ဦးတင်သိန်း (၁၃/တကန(နိုင်)၀၄၀၂၆၄) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဝဏ္ဏအောင် (ခ) မောင်လူအေး (၁၂/မဂဒ(နိုင်)၁၁၈၉၉၂) သည် မိဘနှင့်ဆွေမျိုးများ၏ဆို ဆုံးမမှုအားလိုက်နာမှုမရှိဘဲ ထင်ရာစိုင်းဆိုးသွမ်းနေမှုများကြောင့် ယနေ့မှစ၍ ဦးဝဏ္ဏအောင်အား ဖခင်ဖြစ်သူ ဦးတင်သိန်းမှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**လွှဲအပ်ချက်အရ**
**ဒေါ်အေးအေးသင်း(အထက်တန်းရှေ့နေ)(စဉ်–၅၄၈၆၉)**
**အမှတ်(၃၂/၁၁၂)၊ ရပ်ကွက်(၄)၊ အောင်သုခလမ်း၊ အေးသာယာမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆–၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်နယ် (မူလ) ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – (၉ –၉–၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) – နံနက်(၉:၃၀) မှ ညနေ (၄:၀၀)

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** – (၂၂–၉–၂၀၂၆)ရက်(အင်္ဂါနေ့) ) (ရုံးဖွင့်ချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်** – (၂၂–၉–၂၀၂၆)ရက်(အင်္ဂါနေ့) ညနေ(၄:၃၀)အထိ

၂။ **တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်တွေမြို့

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မင်းဘာကြီးလမ်း၊ စစ်တွေမြို့၊ ဖုန်းနံပါတ်–၀၉–၄၅၀၀၁၁၈၆၈၊ ၀၉–၂၅၀၇၅၅၇၄၉၊ ၀၉–၂၅၄၄၃၄၀၃၆သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ–၆၊ ဦးပိုင်အမှတ် ၇၉၊ ၅၄x၅၅ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ရွှေ ၉/မနမ(နိုင်)၀၆၅၆၈၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၄၈/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရှော်ရဲလီ ၁၃/ကခန(နိုင်)၀၁၀၁၇၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး အ.ထ.က(ဘ/က)ကျောင်း၊ Grade–12 တွင် ပညာသင်ယူနေသော မပြည့်ပြည့်ရွှေစင်(၁/ဗမန (နိုင်) ၁၃၈၃၂၉)၊ ပုသိမ်ကြီးမြို့နယ်၊ လမိုင်း(တွဲဖက်) အ.ထ.ကကျောင်း၊ Grade–7 တွင် ပညာသင်ယူနေသော မရွှေရည်ခွန်းချိုနှင့် Grade–1 တွင် ပညာသင်ယူနေသော မောင်စစ်ငြိမ်းကိုကို တို့၏ ဖခင်ဖြစ်သူ ဦးဇင်မင်းစိုး (ခ)ဦးဇင်မင်းဦး (၅/ဒပယ(နိုင်) ၀၆၄၁၆၂)မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၁၁၂၃) ဟုခေါ်တွင်သော မြေအလျား x အနံ ပေ(၄၀ x ၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နွဲ့နွဲ့ဆွေ(CG–၀၆၃၄၈၉) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းနိုင် (၁၂/မဂတ(နိုင်)၀၀၆၁၆၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၃၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၈၇၃၀၀၂၁၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## ကျောက်မဲမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂

မမေသူထိုက် (တရားလို) နှင့် ကိုမိုးဆန်းခိုင် (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်၊ မင်္ဂလာကျုံးလမ်း၊ အမှတ်(၃၅၉)နေ တရားပြိုင် ကိုမိုးဆန်းခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မမေသူထိုက်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင်၏ကိုယ်စားဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်(၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြအမှီပြုလိုသည့် အထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထပ်အပ်လိုက်ရမည်။ သင်ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျိုးထောင်းလျှန်)**
**မြို့နယ်တရားသူကြီး**
**ကျောက်မဲမြို့နယ်တရားရုံး**

## အမည်ပြောင်း

(ဘ)ဦးရန်လင်း ၁၄/မအပ (နိုင်) ၃၀၃၄၆၆ ၏သား ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အထက(မြို့မ) Grade–1 မှ မောင်ပြည့်ဖြိုးဟန် အား မောင်ဟိန်းဝဏ္ဏဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းဝဏ္ဏဦး**

## ပျောက်ဆုံးကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (ဘ)ဦးလှဝင်း ၏သား ကျွန်တော် မောင်ဇင်မင်းထက် ၏ ပါတ်စ်ပို့ နံပါတ် MH–688905 ၏ All in One–CDC–၁၃၃၁၄၁ သင်္ဘောသား စာအုပ်နှင့် SID ကတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဖုန်း–၀၉– ၇၇၂၆၇၆၈၇၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ–၆၊ ဦးပိုင်အမှတ် (၁၂)၊ ၄၈လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်းဝင်း AE–၂၄၁၄၄၉၊ ၉/မရမ(နိုင်) ၀၁၈၄၇၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၀၅/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းနှင်းဝေ ၉/မကန(နိုင်) ၀၆၅၃၃၉က ၂၄၀ဝိ/၄၀၀ဝိ/–ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/53112, Luojia –110, Khwar Nyo Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မော်လမြိုင်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းရန်ကြေညာချက်

မော်လမြိုင်တက္ကသိုလ် နေ့သင်တန်းမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၂၀၂၀ အောင်)၊ မဟာဥပဒေ(ဘွဲ့)၊ ပါရဂူ(ဘွဲ့)၊ စီးပွားရေးဥပဒေပညာ ဒီပလိုမာ(ဘွဲ့)နှင့် မော်လမြိုင်တက္ကသိုလ်အဝေးသင်သင်တန်းမှ ၂၀၂၅ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့) စာမေးပွဲများကို ဖြေဆိုအောင်မြင်သူများသည် မော်လမြိုင်တက္ကသိုလ်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

နေ့သင်တန်းအတွက် မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်လည်းကောင်း၊ အဝေးသင် သင်တန်းအတွက် အဝေးသင်သင်တန်း ဥတ္တရနယ်မြေတွင်လည်းကောင်း လျှောက်လွှာများကို ရယူလျက် တင်သွင်းလျှောက်ထားနိုင်ကြပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

ဘွဲ့နှင်းသဘင်တက်ရောက်ကြေး - ကျပ်(၁၅၀၀၀/-)
(ကျပ်တစ်သောင်းငါးထောင်တိတိ/-)

ဘွဲ့နှင်းသဘင်အဝေးရောက်ကြေး - ကျပ် (၁၀၀၀၀/-)
(ကျပ်တစ်သောင်းတိတိ/-)

လျှောက်လွှာတင်သွင်းရမည့်ရက် - (၁၀-၉-၂၀၂၆) မှ ( ၃၀ - ၉ -၂၀၂၆) ရက်အထိ

**မှတ်ချက်**

(က) လျှောက်ထားသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် (၃)လအတွင်း နောက်ဆုံး ရိုက်ကူးထားသော (2 x 1 ½) လက်မအရွယ် Sticker (ကပ်ခွာ)ဓာတ်ပုံ(၃)ပုံပူးတွဲ၍ လျှောက်ထားကြရမည်။

(ခ) အခြားသောပညာသင်နှစ်များမှဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

(ဂ) ဘွဲ့နှင်းသဘင်လျှောက်လွှာ တင်သွင်းသူများသည် ဘွဲ့ကြေးများကို မိမိတို့ကိုယ်တိုင် မော်လမြိုင်တက္ကသိုလ်၊ ငွေလက်ခံဌာနသို့ တိုက်ရိုက်ပေးသွင်းနိုင်ပါသည်။

(ဃ) မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာ၊ ဘူမိဗေဒနှင့် အဏ္ဏဝါသိပ္ပံဘာသာရပ်များဖြင့် ဘွဲ့စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့) (ဧည့်)နိုင်ငံသားလက်မှတ် (သို့) နိုင်ငံသား(ပြု)လက်မှတ်မူရင်း တင်ပြ၍ လျှောက်လွှာတွင် မိတ္တူပူးတွဲတင်ပြရမည်။

(င) ရပ်ဝေးမှလျှောက်လွှာတင်သွင်းသူများသည် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟုဖော်ပြရမည့်အပြင် လျှောက်ထားသူ၏ အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်/တက္ကသိုလ် စသည်များကို တိကျစွာ ဖော်ပြရမည်။

(စ) ဘွဲ့တက်ရောက်ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့ ယူသူများ၏ ဘွဲ့လက်မှတ်များ ထုတ်ပေးချိန်မှသာ ထုတ်ပေးမည် ဖြစ်သည်။

(ဆ) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

(ဇ) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့် ကျင်းပမည့် အစီအစဉ်ကို ထပ်မံကြေညာပါမည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**မော်လမြိုင်တက္ကသိုလ်**

## အမွေဆက်ခံရန် သက်သေ ခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ -၃၇၃)
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၃

**ကွယ်လွန်သူ ဦးအိုက်အော့၏ ကျန်ရစ်သောပစ္စည်းအကြောင်း။**

ဒေါ်အီအွေ့ — လျှောက်သူ

ဝေလေလန်ရွာ၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ တာချီလိတ်မြို့နယ်နေ ဒေါ်အီအွေ့က ကွယ်လွန်သူ ဦးအိုက်အော့၏ဇနီးဖြစ်သည်ဟူ၍ ဝေလေလန်ရွာ၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ တာချီလိတ်မြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးအိုက်အော့ မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးအိုက်အော့မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်အီအွေ့၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်လွင်ဦး )**
**ဒုတိယခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၄

ဒေါ်ရီရီဆွေ — နှင့် — ဦးပြား
**တရားလို** — **တရားပြိုင်**

ပဲခူးမြို့၊ မော်ကန် (၄)လမ်း၊ အမှတ် (၇၄၈) နေ ဦးပြား (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့နယ်၊ မုံပင်အခြေခံပညာ အထက်တန်းကျောင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-12 အတန်းမှ မောင်ဘုန်းမင်းခန့် (ကျောင်းဝင်အမှတ် ခ-၀၃၈၉) ၏ ဖခင် ဦးဝဏ္ဏ(ခ)ဦးဝဏ္ဏထွန်း(ခ) ဦးထိန်လင်းထွန်း ၁/မကတ(နိုင်) ၀၈၈၅၂၁ သည် တစ်ဦး တည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၁၀၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးရွှေ ၁၀/သဖရ(နိုင်)၀၆၅၉၁၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- မြို့သစ်(က)၊ (က/၄) လမ်း၊ မြေကွက်အမှတ် (၃၁၄/က)၊ အကျယ်အဝန်းပေ (၂၀ x ၆၀)၊ ဧရိယာ (၀.၀၂၇၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ (ဖခင်) ဦးသာရှိန် [၁၂/ အစန (နိုင်) ၀၃၅၀၅၆ ] မှ သားဖြစ်သူ ဦးထွန်းထွန်းနိုင် [ ၁၂/ အစန (နိုင်) ၁၈၉၀၂၂ ] သို့ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါသည်။ ဖခင်ဖြစ်သူမှသားဖြစ်သူသို့ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်းကို ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်မြင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-11(A-2) တန်းမှ မိစောစောမွန်(ခ)မသဲသဲမွန် ၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၃/ကကရ(နိုင်)၀၃၁၇၂၈ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ)ဦးမြသန်း၏သမီး ဒေါ်မြင့်မြင့်စိုး (၁၂/တမန(နိုင်)၀၈၇၃၁၈)သည် လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေသူတစ်ဦးဖြစ်ပါသည်။ Tin Tin Moe Facebook Account မှ ဒေါ်မြင့်မြင့်စိုး၏ (ခင်ခင်ခန့်( Ma Ma Khant) အမည်ဖြင့်)ဖွင့်လှစ်ထားသောFacebook Account ၏ ပိုစ့်တွင် (၅-၉-၂၀၂၆)ရက်၌ မဟုတ်မမှန်သော စကားတို့ဖြင့်commentများ ဝင်ရောက်ရေးသားထားခြင်းအား ပြန်လည်ဖျက်ပေးစေလိုပါသည်။ ထိုသို့ ဂုဏ်သိက္ခာ ကျဆင်းစေသောစကားများ၊ အသရေပျက်စေခြင်းများအား လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တင်ထားသော ပိုစ့်တွင်commentများဝင်ရောက်ရေးသားခြင်းအား နောက်နောင်တွင်လည်းမပြုလုပ်ရန် သတိပေးလိုက်ပါသည်။ ထို့ပြင် ဒေါ်မြင့်မြင့်စိုး၏ Tiktok Account Name ( Ma Ma Khant) Account တွင်တင်သော ပိုစ့်များတွင်လည်း Moe ( User Name – @moe273436) အမည်ဖြင့် commentရေးသားခြင်းအားလည်း ရပ်တန်းမှရပ်တန့်ရန်နှင့် ရပ်တန်းမှမရပ်တန့်ပါက ဂုဏ်သိက္ခာကျဆင်းစေရန်၊ ထိခိုက်စေရန်၊ အရှက်ရစေရန် မဟုတ်မမှန်ရေးသားပြောဆိုနေခြင်းများအား တမင်ရည်ရွယ်၍ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ ပြောဆိုခြင်းများကို ထပ်မံတွေ့ရှိရပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ဝါဝါဝင်းသူ** | **ဒေါ်ယဉ်သူဇာ** |
| **LL.B, D.I.L,W.I.P.O.(Switzerland)** | **LL.B, D.B.L** |
| **(စဉ်-၅၅၀၁၉)** | **(စဉ်-၅၆၄၁၆)** |

**အထက်တန်းရှေ့နေများ**
**အမှတ်-(၅)ဘီ၊ သမာဓိ(၂)လမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၀၁၄၈၃၄**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/5613 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် **ယခင်**ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်ကျေးရွာအုပ်စု၊ တာသစ်ကျေးရွာမှ မသက်မွန်နှင်း၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင် ၁၄/ မအပ(နိုင်) ၃၁၉၄၂၄ဖြစ်ပါကြောင်း။

**ဦးကြည်လွင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

